ကတညုတာ စေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၄)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရေဝတီတံတား(ရတနာပုံ)၊မြစ်ငယ်တံတားနှင့် ပင်းချောင်းတံတားများစစ်ဆေး ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းဘေးဝဲယာ အခြားသီးနှံစိုက်ပျိုးရေးမှာကြား

ရန်ကုန် ဇွန် ၂

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၁ရက် နံနက် ၆နာရီခွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးလိုက်ပါလျက် စစ်ကိုင်းဘက်ကမ်းရှိ ရေဝတီတံတား(ရတနာပုံ)တည်ဆောက်ရေး စီမံကိန်းရုံးသို့ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မြစ်ငယ်တံတား စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ်တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် ညီလာခံအစုအဖွဲ့များ စာတမ်းများ အသီးသီးတင်ပြ

ရန်ကုန် ဇွန် ၂

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့်

စာမျက်နှာ ၈ ကော်လံ ၁ ▼

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၃ ရက်)

စုစည်းညီညွတ်သည့်စွမ်းအား၊ မြင့်မားသည့်အရည်အသွေးဖြင့် နိုင်ငံတော်တည်ဆောက်ရေး ကျရာကဏ္ဍက ပါဝင်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းပြီး လူမှုရေးကျင့်ဝတ်ခိုင်မြဲအောင် အားထုတ်နိုင်ခဲ့သည့် နိုင်ငံသူနိုင်ငံသားတို့၏ အမျိုးသားရေး စိတ်ဓာတ်မြင့်မားမှုကြောင့် ဂုဏ်ရောင်ထွန်းပြောင်ပြီး သမိုင်းအစဉ်အလာကြီးမားခဲ့သည်။

မြန်မာ့လူ့အဖွဲ့အစည်း၏ ထူးခြားသောဂုဏ်ဒြပ်တစ်ခုမှာ ကိုယ်၊ နှုတ်၊ နှလုံး စောင့်ထိန်းပြီး မျိုးရိုးဇာတိ၊ လူမှုကျင့်ဝတ်နှင့် မိသားစုတန်ဖိုးကိုမြတ်နိုးရန် မျိုးဆက်သစ်တစ်ခုကို လက်ဆင့်ကမ်း သင်ကြားပေးခဲ့ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ကောင်းသောအမွေခံပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး မြန်မာ့လူနေမှုဘဝနှင့် ကိုက်ညီသည့် လူနေမှုစနစ်ကို တည်ဆောက်နိုင်စွမ်းရှိကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေခံ၊ မြေခံကောင်းမွန်ပြီး သဘာဝသယံဇာတပေါများကြွယ်ဝသည်။ အဖိုးတန် ကျောက်မျက်ရတနာ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုမျိုးစုံတို့ တည်ရှိသောနိုင်ငံ ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရာတွင် ပြည်တွင်းအင်အားကိုအခြေခံပြီး အခြေခံကောင်းမှန်သမျှကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက် ရာတွင် တစ်မျိုးသားလုံး၏အင်အားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတော်အစိုးရက ၁၉၈၉-၉၀ ပြည့်နှစ်မှ ၁၉၉၁-၉၂ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း အမျိုးသား စည်းလုံးညီညွတ်ရေးကို အဓိကထား ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ စီးပွားရေးတည်ငြိမ်မှုအစီအစဉ်များ ချမှတ်ပြီး ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ကာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ကျယ်ကျယ် ပြန့်ပြန့် လုပ်ပိုင်ခွင့်ပေးခဲ့သည်။ နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍဖြစ်သည့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေ အလုံအလောက်ရရှိရေးအတွက် ဆည် တမံပေါင်း ၁၆၀ ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယင်းကဲ့သို့ ဆည်တမံများ တိုးတက် တည်ဆောက်နိုင်ခဲ့သဖြင့် စိုက်ပျိုးမြေဧက နှစ်သန်းတစ်သိန်းကျော် တိုးတက်လာခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ကာလတို လေးနှစ်စီမံကိန်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ တစ်နှစ်ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယင်းတိုးတက်မှုကို အခြေခံပြီး ဒုတိယကာလတို ငါးနှစ်စီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်ခဲ့ရာ စီးပွားရေးတိုးတက်မှုနှုန်း တစ်နှစ်ပျမ်းမျှ ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက် ခဲ့ကြောင်း သိရသည်။ ယခုအခါ တတိယကာလတို ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး အခြေအနေကောင်းများကို တည်ဆောက်နိုင်ခဲ့ခြင်းမှာ သယံဇာတအရင်းအမြစ်များ ကြွယ်ဝခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုနိုင် ခြင်းနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကဏ္ဍအလိုက်၊ ဒေသအလိုက် အချိန်နှင့်တစ်ပြေးညီ ကြိုးစားအားထုတ်နိုင်ခြင်းတို့ကြောင့်ပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို နိုင်ငံ တကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းနေသည့်အချိန်ဖြစ်ရာ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရရှိနေသည့်အခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အလေးထား ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး စုစည်းညီညွတ်သည့် စွမ်းအား၊ မြင့်မားသည့် အရည်အသွေးဖြင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် ကျရာကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရုံးချုပ်) ဆိုင်းဘုတ်သစ်တင်

ရန်ကုန် ဇွန် ၂

ရန်ကုန်အနောက်ပိုင်းခရိုင် ငြိမ်းချမ်းရေးယာဉ်လိုင်းများ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့(ရုံးချုပ်)အစား ပြောင်းလဲ၍ အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရုံးချုပ်)ဟု အမည်ပြောင်းဆိုင်းဘုတ်သစ် တင်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဘုရင့်နောင် တပင်ရွှေထီး လမ်းမကြီးပေါ်ရှိ အမှတ် ၁၃၃ အဆောက်အအုံတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့် တက်ရောက်၍ အမွှေးနံ့သာရည်များပက်ဖျန်းပေးပြီး မော်တော်ယာဉ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်စံနှင့် တာဝန်ရှိသူများ၊ မော်တော်ယာဉ်ပိုင်ရှင်များနှင့် ရုံးချုပ်ဝန်ထမ်းများက စုပေါင်း၍ ဆိုင်းဘုတ်သစ်တင်ကြကြောင်း သိရသည်။ **(က-ပ)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်လည်ချီးမြှင့်

ဇွန် ၁ ရက်က ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ်လှူအသင်း၏ ယာဉ်အလှူတော်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို ဗိုလ်တထောင်မြို့နယ် ၄၇ လမ်း အမှတ် ၁၆၀ နေ ဒေါ်အေးအေးမူ မိသားစုက ဆက်ကပ်လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည်နားနေဆောင်များ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ၍ ပြည်ပခရီးသည်အတွက် နားနေဆောင်အတွင်း ကြည့်ရှု **စစ်ဆေးရာ တာဝန်ရှိသူများက နားနေဆောင်အတွင်း သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားမှုအခြေအနေ၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ လေယာဉ်စောင့်ဆိုင်းနိုင်ရေး ဆောင်ရွက်ထားမှုနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အခြား အပြည်ပြည်ဆိုင်ရာလေဆိပ်များနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအမံများကို ရှင်းလင်း ပြသကြသည်။**

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ဆက်စပ်လုပ်ငန်းဌာနများ၏ ကောင်တာများ၊ လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ပြည်တွင်းခရီးသည် ထွက်ခွာဆောင်အတွင်း အသစ်ပြန်လည်တည်ဆောက်ထားသော လေကြောင်းလိုင်းကောင်တာများနှင့် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ခရီးသည် နားနေဆောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များနှင့် ကျွန်းစိုက်ခင်းများစစ်ဆေး

ရန်ကုန် ဇွန် ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၃၀ရက်တွင် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာရှိ အမှတ်(၁၀၄) သစ်စက်သို့ရောက်ရှိပြီး သစ်စက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး အစီအစဉ်အရ တောင်တွင်းကြီးမြို့နယ် သီးခြား ကျွန်းစိုက်ခင်းများဖြစ်သော ဒဂုံတင်းဘားကုမ္ပဏီက ဧက ၁၅၀၊ အေးရှားဝေါလ်ကုမ္ပဏီက ဧက ၁၅၀ စုစုပေါင်း ဧက ၃၀၀ ကျွန်းစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ သက်ဆိုင်ရာ တာဝန်ခံများက စိုက်ခင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းများ အောင်မြင်မှုရရှိရေး ဆောင်ရွက်ကြရန် မှာကြားကာ စိုက်ခင်းအတွင်း ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

တွေ့ဆုံမှာကြား

ထို့နောက် ရေတာရှည်မြို့နယ်ရှိ ဖိုးကျားတောင်ခြေစခန်းအနီး ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအစီအစဉ် အရ ကောင်းမြတ်ကုမ္ပဏီက ဧက ၃၅၀၊ ဇာနည်မော်ကုမ္ပဏီက ဧက ၂၅၀နှင့် အေးရှားဝေါလ်ကုမ္ပဏီက ဧက၂၀၀ စုစုပေါင်းဧက ၈၀၀ သီးခြားကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန်၁ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပို ရေးရှင်းသစ်အရောင်းဆိုင်ကို လည်းကောင်း၊ အုတ်တွင်းမြို့နယ်ရှိ အမှတ် (၈၈) သစ်စက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းလိုက်ပါလျက် ပဲခူးမြို့ရှိ အမှတ်(၃၃)၊ အမှတ်(၃၈)၊ ဥသသစ်တောပျိုးဥယျာဉ်နှင့် ပုဂ္ဂလိကသစ်အခြေခံ စက်မှုလုပ်ငန်းများဖြစ်သော မြန်မာဂိုးလ်ဒင်းစတား၊ ပါရမီ၊ နစ်ပတီ၊ ဝင်းနှင့် ဝင်းကုမ္ပဏီများ၏ သစ်အချောထည်နှင့် သစ်ပါးလွှာစက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှဦးစီး၍ မေ ၁၉ ရက်က ကျင်းပခဲ့သည့် ASEAN+3 Monthly Golf Game တွင် တက်ရောက်လာသည့် ပြိုင်ပွဲဝင်များကို သံအမတ်ကြီး ဦးလှမောင်က နှုတ်ခွန်းဆက် ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

ညောင်နှစ်ပင်စခန်းမှ မိသားစုသို့ပေးမေတ္တာစာ

ဇေယျတု။ ။ အောင်မှုအဖြာဖြာ၊ မင်္ဂလာအဝဝ၊ လိုသမျှကိစ္စတံ၊ စိတ်ရှိအကြံ ပြည့်စေသောဝ်၊ စုံစေသောဝ် ဟူသောဆု။ ကျန်းမာစေသော၊ လမ်းသာစေသော၊ ချမ်းသာစေသော၊ ဝမ်းသာစေသော ဟူသောမေတ္တာတို့ကို ဖြန့်ဝေလျက် သက်ထားအိမ်သူ၊ သား၊ သမီး၊ မြေး၊ မြစ်ဟူသမျှတို့ထံ မေတ္တာစာပါးလိုက်ပါသည်။

တိုးပွားပြည်သာရန် ညောင်နှစ်ပင်အဝေးက၊ အမျိုးသားညီလာခံအောင်မြင်ရေးအတွက်၊ နောင်ဘဝင်အေးစေရန် ဆွေးနွေးလျက်ရှိသော သက်ထား၏ကြင်ရာ၊ သားသမီး မြေးမြစ်တို့၏ ချစ်စွာသောဖခင်၊ ကျွန်ုပ်ညီလာခံကိုယ်စားလှယ်တော်ကြီး အစဉ်ကျန်းမာပကတိ၊ ချမ်းသာလျက်ရှိကြောင်း ဦးစွာအကြောင်းကြား ရေးသားလိုက်ပါသည်။

ညောင်နှစ်ပင်ကွင်းသည်၊ အောင်မြင်ခြင်းမင်္ဂလာအတိပြီးတာမို့၊ ကိုယ်စားလှယ်အားလုံး ရွှင်ပါ၏။ ကျန်းခံ့သာ၍မာပါ၏။ ဆွေးနွေးညှိနှိုင်း၊ ရိုင်းပင်းညီညာသံများဖြင့် ညီလာခံတာဝန်များကို ရက်မှန်ကာ၊ ထက်သန်စွာ ကျေပွန်တက်ကြွ ထမ်းရွက်လျက်ရှိကြပုံကို ဆွေမျိုးမိတ်ဆွေအပေါင်းကို သတင်းကောင်း ဖြန့်လိုက်ပါ။ ဇနီး၊ သား၊ သမီး၊ မြေး၊ မြစ်တို့။

နေထိုင်ရေးမပူမပင်၊ အတူယှဉ် တစ်စားပွဲထိုင်၊ ဟင်းလျာစုံ မြိုင်ဆိုင်လှတာကြောင့်၊ ဝလာမှာပူသည့်အလျောက်၊ ကွင်းပတ်ကာ လမ်းလျှောက်လိုက်ကြ၊ အခြေခံမူချမှတ်ရေး အလေးပေးကြ၊ ဆွေးနွေးကြနှင့်အေးအေးမြမိုးဦးမှာ၊ အကျိုးထူးစွာညီကြတဲ့အတွက်၊ ပြည်ပရဲ့အစွက်အဖက်ပြောလာသမျှ ကောလာဟလ သက်သက်တွေဟာ၊ ဆပ်ပြာပူဖောင်းပမာ လွင့်စဉ်ပျောက်ပါလိမ့်မယ်ဗျာ။

- ရမ္မက်လောဘ–မဆုံစေနှင့်၊
- အဖျက်ပြောသမျှ–မယုံလေနှင့်၊
- ရမ္မက်ပွား လောဘဆုံစေက ငရဲသို့လားမည်၊
- အဖျက်သမားပြောသမျှ ယုံလေက တစ်လွဲမို့မှားသည်၊

ညီညွတ်မှုကို အခြေခံ၊ ဝေဖန်မှုကို အကြောင်းပြု ကောင်းမှုစိတ်ထား ညီညာသံနဲ့၊ ညီလာခံအောင်မြင်စွာ လုပ်မ်းကြမည်၊ ညောင်နှစ်ပင်သာစခန်းမှသည် နိုင်ငံတော်သစ်ဆီသို့၊ ချစ်ကြည်လို့ပြုံးရွှင်၊ ညီလာခံကိုယ်စားလှယ်အားလုံးပင် ကြိုးပမ်းနေကြကြောင်း၊ မိတ်အပေါင်းဆွေသဟာသိရန် ကြေညာမောင်းခတ်လိုက်ပါတော့ မိသားစုဝင်များတို့ခင်ဗျား။ ။

တက္ကသိုလ်မြတ်သူ

ASEAN+3 Monthly Golf Game
မြန်မာသံရုံးကဦးစီး၍ ကွာလာလမ်ပူမြို့တွင်ကျင်းပ

ရန်ကုန် ဇွန် ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးက ဦးစီး၍ ASEAN+3 Monthly Golf Game ကို ကွာလာလမ်ပူမြို့ရှိ Sultan Abdul Aziz Shah Golf Club, Selangor Darul Ehsan ဂေါက်ကွင်း၌ မေ ၁၉ ရက်တွင် ကျင်းပရာ အာဆီယံသံအမတ်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း တန်ဆရီ ဒါတို အာဂျစ်ဆင်း၊ အာဆီယံစစ်သံမှူးများ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်အကြီးအကဲများ၊ မလေးရှားနိုင်ငံရောက် မြန်မာစီးပွားရေး လုပ်ငန်းရှင်များ၊ မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း အားကစားသမား ၄၀ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဂုဏ်ပြုစကားပြောကြား

အာဆီယံ+၃ ပြိုင်ပွဲကို နံနက် ၈နာရီတွင် စတင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် တက်ရောက်လာသည့် ပြိုင်ပွဲဝင်များအား မြန်မာသံအမတ်ကြီး ဦးလှမောင်က ပြိုင်ပွဲတွင် ယခုကဲ့သို့ ပါဝင်ဆင်နွှဲခဲ့ကြသည့်အတွက် အထူးပင်ဝမ်းသာကြိုဆိုပါကြောင်း နှုတ်ခွန်းဆက် ဂုဏ်ပြုစကားပြောကြားပြီး နေ့လယ်စာနှင့် မြန်မာဘီယာတို့ဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ၊ အဝေးဆုံးရိုက်ချက်ဆု၊ ကျင်းနှင့်အနီးဆုံးရိုက်ချက်ဆု၊ အထူးဆုရရှိသူများအား သံအမတ်ကြီး ဦးလှမောင်က ဆုများချီးမြှင့် ပေးအပ် ပြီး ပြိုင်ပွဲဝင်များကို မြန်မာ့ထွက်ကုန် ပေါ်ဆန်းမွှေးဆန်နှင့် ကံစမ်းမဲ များဖောက်၍ မေတ္တာလက်ဆောင်အဖြစ်ပေးအပ်ပြီး ပြိုင်ပွဲအောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဝေးဆုံးရိုက်ချက် ဆုရရှိသွားသော အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း တန်ဆရီ ဒါတို အာဂျစ်ဆင်းအား သံအမတ်ကြီး ဦးလှမောင်က ဆုချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာကုမ္ပဏီများ မှတ်ပုံတင်ကြေးပေးသွင်းရန် ဇွန် ၃၀ ရက်နောက်ဆုံးထားပေးသွင်းနိုင်

ရန်ကုန် ဇွန် ၂

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ကုမ္ပဏီများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခွင့်ရရှိပြီးသော မြန်မာကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင်ကြေးပေးသွင်းကြရန်အတွက် ဌာနမှကုမ္ပဏီများသို့ စာဖြင့်အသိပေးအကြောင်းကြားခဲ့သော်လည်း အချို့ကုမ္ပဏီများသည် မှတ်ပုံတင်ကြေး ပေးသွင်းလာခြင်းမရှိဘဲ မှတ်ပုံတင် ကြေးပေးသွင်းရန် သတ်မှတ်ကာလကျော်လွန်သွားခဲ့သည်။

မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလကျော်လွန်သွားသော မြန်မာကုမ္ပဏီများသည် ၂၀၀၄ ခုနှစ် ဇွန် ၃၀ရက် နောက်ဆုံးထား ပေးသွင်းကြရန်နှင့် ယင်းကာလကျော်လွန်သွားပါက ကုမ္ပဏီမှတ်ပုံတင်ရန် ဆန္ဒမရှိဟုသတ်မှတ်ပြီး မှတ်ပုံတင်လျှောက်ထားခြင်းကို ပယ်ဖျက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီရတ်သို့ တပ်ဖွဲ့ဝင်များ မည်သည့်အခါမျှ စေလွှတ်မည်မဟုတ်

ဒုတိယမြောက် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာပြောကြား

အမ္မန် ဇွန် ၁

အီရတ်နိုင်ငံ မည်ကဲ့သို့အခြေအနေရောက်ရှိပါစေ ၎င်း၏နိုင်ငံမှတပ်ဖွဲ့ဝင်များ မည်သည့်အခါမျှ လွှတ်မည်မဟုတ်ဟု ဒုတိယမြောက် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက တနင်္လာနေ့တွင် ပြောကြားသည်။

ယင်းကိစ္စသည် အီရတ်တို့အပေါ်မူတည်ပြီး အီရတ်တွင် သိမ်းပိုက်ရေးတပ်များ အချိန်မည်မျှကြာနေမည်ကို ဆုံးဖြတ်ရန်မှာ အီရတ်တို့ကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဘုရင် အဗ္ဗဒူလာက ပြောကြားသည်။

၎င်းသည် အင်္ဂါနေ့တွင် ကူဝိတ်နိုင်ငံသို့ နှစ်ရက်ကြာခရီးအဖြစ် သွားရောက်လည်ပတ်ရန် စီစဉ်ထားပြီး သွားရောက်လည်ပတ်စဉ်အတွင်း နီးနှောတိုင်ပင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ကူဝိတ်ပြည်သူများနှင့်အတူ ဆောင်ရွက်သွားမည်ဟု ဆိုသည်။

အရေးတကြီးကိစ္စ

အီရတ်နိုင်ငံအား ကျူးကျော်ထားသည့်ကိစ္စ၊ ပါလက်စတိုင်း အခြေအနေနှင့် အကြမ်းဖက်မှုအရှိန်မြင့်လာသည့်ကိစ္စများသည် သွားရောက်လည်ပတ်စဉ်အတွင်း အရေးတကြီးကိစ္စများဖြစ်လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ပြောကြား

အီရတ်နိုင်ငံနှင့် ပါလက်စတိုင်းဒေသတို့တွင် ဖြစ်ပွားနေသော အခြေအနေအရပ်ရပ်ကို ကူဝိတ်စော်ဘွားနှင့် ကူဝိတ်တာဝန်ရှိသူများ၏ သဘောထားအမြင်များကို နားထောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆန္ဒပြ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အမျိုးသမီးများကို မေ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၀၆ ဦး ရှိပြီ

ဘဂ္ဂဒက် ဇွန် ၂

အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ၂၀၀၃ ခုနှစ် မတ်လ၌ စတင်စစ်ပွဲဆင်နွှဲခဲ့သည်မှ ၂၀၀၄ ခုနှစ် ဇွန်၁ ရက် အင်္ဂါနေ့ရောက်ချိန်တွင် အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၀၆ ဦးဖြစ်သည်။ ယင်းအနက် ၅၈၉ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၁၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

သေဆုံး

၂၀၀၃ ခုနှစ် မေလ ၁ ရက်၌ စစ်ပွဲပြီးဆုံးကြောင်း ဘုရှ်က ကြေညာခဲ့ချိန်မှစ၍ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၆၈ ဦးဖြစ်ပြီး ၄၈၀ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၁၈၈ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ဒဏ်ရာရ

စစ်ပွဲစတင်ခဲ့သည်မှ တိုက်ပွဲ၌ဒဏ်ရာရခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၆၈၂ ဦးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့်အပတ်၌ထုတ်ပြန်သော ကိန်းဂဏန်းအရ သိရသည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှ တပ်ဖွဲ့ဝင် ၅၈ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ ပိုလန်သုံးဦး၊ အခြား နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး အက်စ်တိုးနီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့သည်။

(အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

ဘဂ္ဂဒက်မြို့ အနောက်ဘက်ကင်ဒီလမ်းပေါ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စစ်ယာဉ်တစ်စီးနှင့်အတူ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကူဖာ၌ဆာဒါတပ်ဖွဲ့ဝင်များနှင့် ကန်တပ်ဖွဲ့ဝင်များတိုက်ပွဲပြင်းထန်စွာဖြစ်ပွား

ကူဖာ ဇွန် ၁

ကူဖာမြို့၌ အီရတ်လက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအကြား ပြင်းထန်သည့်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် အီရတ်ခေါင်းဆောင် မွတ်တာဒါအယ်ဆာဒါ၏ အယ်ဆာဒါ အပစ်အခတ်ရပ်စဲရေးတောင်းဆိုကမ်းလှမ်းခဲ့မှု ပျက်ပြားခဲ့ရသည်။

အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ကြပြီး သုံးရက်ကြာ၌ ကူဖာမြို့လယ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်ဝင်ရောက်လာခြင်းကို ကူဖာဝတ်ပြုကျောင်းအနီး သုသာန်တစ်ခုအတွင်းမှ လက်နက်ကိုင်များက ချောင်းမြောင်း ပစ်ခတ်ခဲ့ကြသည်။ နောက်ထပ် တစ်နာရီကျော်အကြာ၌ အမေရိကန်တပ်ဖွဲ့ဝင် ရာနှင့်ချီကာ တင့်ကားများ၊ စစ်ဘက်ယာဉ်များနှင့်အတူ ရောက်ရှိလာပြီး အယ်ဆာဒါ၏ သစ္စာခံလက်နက်ကိုင်များနှင့် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုများအတွင်း အနည်းဆုံး လက်နက်ကိုင် ၃၀ သေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဒူဘိုင်းအနာဂတ်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

ဒူဘိုင်း ဇွန် ၁

လူဦးရေ တစ်သန်းတစ်သိန်းလောက်သာရှိသော ဒူဘိုင်းနိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ခန့်က ကန္တာရဆိပ်ကမ်းနိုင်ငံငယ်လေးဖြစ်ခဲ့သော်လည်း ရေနံရှာဖွေတွေ့ရှိရာမှ ကြွယ်ဝချမ်းသာလာခဲ့သည်။

သို့ရာတွင် အဆိုပါရေနံများသည် အကန့်အသတ်ဖြင့်သာထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပြီး ၂၀၁၅ခုနှစ်လောက်၌ ရေနံတွင်းများခန်းခြောက်နိုင်ခြေရှိကြောင်း သတိပြုမိလာကြသည်။ သို့ဖြစ်၍ နိုင်ငံ၏အနာဂတ်အရေးအတွက် တည်ဆောက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်လာခဲ့သည်။ အဆိုပါ စီမံကိန်းများမှာ ဒူဘိုင်းနိုင်ငံ၏ သမုဒ္ဒရာအတွင်း ကျွန်းတုများတည်ဆောက်ကာ ကျွန်းတုများပေါ်၌အိမ်များတည်ဆောက်ပြီး ရောင်းချခြင်းဖြစ်သည်။ **(စီအက်ဖ်အိုင်)**

ကန်တပ်ဖွဲ့ဝင်တို့၏ အထက်စီးမှ ဆက်ဆံမှုမကျေနပ် အီရတ်ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော် တာဝန်မှ စွန့်ခွာ

နာဂျက်ဖ် ဇွန် ၁

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ တာဝန်ကျနေသော အီရတ်ရဲတပ်ဖွဲ့ဝင် ၁၀၀ကျော်ခန့်သည် ၎င်းတို့တာဝန်ကျရာနေရာမှစွန့်ခွာပြီး ဘဂ္ဂဒက်သို့ပြန်လည်သွားရောက်ခဲ့ကြခြင်းမှာ ၎င်းတို့အပေါ်အထက်စီးမှ ဆက်ဆံမှုကြောင့် ဖြစ်ကြောင်းပြစ်တင်ခဲ့ကြသည်။

ဤဖြစ်ရပ်နှင့် ပတ်သက်ပြီး အမေရိကန်ဦးဆောင်သော အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက မကြာမီ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ပစ်မှတ်ထား

သီတင်းပတ်ပေါင်းများစွာ တိုက်ပွဲဖြစ်ပွားခဲ့သော နာဂျက်ဖ်နှင့် ကူဖာမြို့တို့မှ အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာတော့မည်ဖြစ်ရာ အဆိုပါ အီရတ်ရဲတပ်ဖွဲ့ဝင်များကို ဘဂ္ဂဒက်မှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အီရတ်ရဲတပ်ဖွဲ့ဝင်များက ၎င်းတို့အနေဖြင့် အကာအကွယ် ကျည်ကာဝတ်စုံများလည်း မရရှိကြောင်း၊ နေစရာအိမ်လည်း မပြည့်စုံသည့်အပြင် ဆာဒါ၏ တပ်ဖွဲ့ဝင်များက အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်သူများဟု ယူဆကာ ပစ်မှတ်ထား တိုက်ခိုက်ခြင်းလည်းခံကြရကြောင်း၊ သို့ရာတွင် ၎င်းတို့အား ဆိုးရွားစွာ ဆက်ဆံကြောင်း ပြစ်တင်ပြောကြားကြကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရန်၌ ငလျင်လှုပ် သေဆုံးသူ ၃၅ ဦးရှိ

တီဟီရန် ဇွန် ၁

အီရန်နိုင်ငံမြောက်ပိုင်းတွင် သောကြာနေ့ကလှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူအရေအတွက်သည် ၃၅ဦးထိရှိသွားပြီဖြစ်ကြောင်း အီရန်ကြက်ခြေနီအဖွဲ့က တနင်္ဂနွေနေ့၌ ပြောကြားသည်။

ကျောက်တုံးပိ

သေဆုံးသူ ၂၈ဦးမှာ တီဟီရန်မြောက်ဘက်လမ်းမကြီးပေါ်တွင် ၎င်းတို့၏ကားပေါ်သို့ ကျောက်တုံးကြီးများ ကျရောက်ပိခြင်းခံရသဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးအုပ်စု ပြည်သူ့ဆက်ဆံရေးညွှန်ကြားရေးမှူးက ပြောကြားသည်။

သေဆုံး

ငလျင်ကြောင့် မက်ဇံဒရန်ပြည်နယ်၌ ၃၁ ဦးနှင့် ကက်ဇဗင်ပြည်နယ်၌ လေးဦးသေဆုံးကြောင်း ညွှန်ကြားရေးမှူး မီရန်နော်ဘာကစ်ရှ်က ပြောကြားသည်။ သေဆုံးသူအရေအတွက် တိုးလာဖွယ်မရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား၍ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုပျက်ပြား ကန်တပ်ဖွဲ့ဝင် ၁၀၀ ခန့် အီရတ်တို့၏တိုက်ခိုက်ခြင်းခံနေကြရ

ဘဂ္ဂဒက် ဇွန် ၁

အီရတ်တို့ထံ အမေရိကန်အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် ရက် ၃၀ သာလိုတော့သည့်အချိန်၌ လွှဲပြောင်းရေးဆိုင်ရာ အသေးစိတ်အစီအစဉ်များမရှိသေးသကဲ့သို့ ပဋိပက္ခများလည်း ပိုမိုတိုးမြင့် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

နာဂျက်ဖ်နှင့်ကူဖာမြို့တို့တွင် အီရတ် ရှီးအိုက်ခေါင်းဆောင် မွတ်တာဒါအယ်ဆာဒါက အပစ်အခတ်ရပ်စဲရန် ကမ်းလှမ်းခဲ့သော်လည်း ယခုသီတင်းပတ်ကုန်ရက်များအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားခဲ့ရသည်။

တိုက်ခိုက်

ကူဖာမြို့တိုက်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး အီရတ်လက်နက်ကိုင် ၄၅ ဦးထက်မနည်း သေဆုံးခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ ခန့်သည် အီရတ်လက်နက်ကိုင်များ၏ ချောင်းမြောင်းတိုက်ခိုက်ခြင်း ခံခဲ့ရသည်။ ဤအတောအတွင်း ဘဂ္ဂဒက်မြို့၌လည်း ကားဗုံးပေါက်ကွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ပြီးခဲ့သောလစောစောပိုင်း၌ အီရတ်အုပ်ချုပ်ရေးကောင်စီအကြီးအကဲဖြစ်သူ အစ်ဇီဒင်ဆလင်မ် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့်နေရာနှင့် မီတာအနည်းငယ်အကွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယမန်နေ့ကဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု၌ အနည်းဆုံး လူလေးဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

နှောင့်နှေး

ထို့အပြင် အီရတ်အစိုးရသစ်အတွက် ခေါင်းဆောင်သစ်များ ရွေးချယ်ရာတွင် အမေရိကန်အစိုးရက ကြားဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် နှောင့်နှေးမှုများ ဖြစ်ပေါ်နေကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

(စီအင်န်အင်န်)

အီရတ်မှ ဩစတြေးလျတပ်များရုပ်သိမ်းရန် တောင်းဆိုမှု ဂျွန်ဟောင်းဝပ်ရင်ဆိုင်နေရ

ဆစ်ဒနီ ဇွန် ၁

အီရတ်အရေးတွင် အမေရိကန်အစိုးရ၏ အရေးပါသော အပေါင်းပါတစ်ဦးဖြစ်သည့် ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် အမေရိကန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သို့ ယခုသီတင်းပတ်၌ သွားရောက်မည်ဖြစ်သည်။

တိုးပွား

အီရတ်နိုင်ငံ အရေးကိစ္စတွင် ပါဝင်ခဲ့မှုကြောင့် ဩစတြေးလျ ပြည်သူများအကြား သဘောထားကွဲလွဲမှုများ ရှိလာပြီး အီရတ်အရေးကို မထောက်ခံမှုများ ဩစတြေးလျနိုင်ငံတွင်း၌ ဆက်လက်တိုးပွားလာလျက်ရှိသည်။

ရင်ဆိုင်ရ

တစ်ချိန်တည်းမှာပင် အတိုက်အခံခေါင်းဆောင် မိုက်ခ်လက်သမ်ကလည်း ဩစတြေးလျတပ်ဖွဲ့များကို အီရတ်နိုင်ငံမှ ခရစ္စမတ်မတိုင်မီ ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုမှုနှင့် ဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ် ရင်ဆိုင်ရလျက်ရှိသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်မြို့တွင်ကားဗုံးပေါက်ကွဲ လူနှစ်ဦးသေဆုံး၊အချို့ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၁

အသွားအလာများသော ဘဂ္ဂဒက်မြို့လမ်း တစ်လမ်းပေါ်တွင် တနင်္လာနေ့က ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး လူအချို့ ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သယ်ဆောင်

အဆိုပါပေါက်ကွဲမှုသည် ကားနှစ်စီး မီးလောင်ကျွမ်းနေသည်ကို တွေ့မြင်ခဲ့ရကြောင်း သေဆုံးသူများနှင့် ဒဏ်ရာရသူများကို လူနာတင် ယာဉ်ခြောက်စီးဖြင့် သယ်ဆောင်သွားကြကြောင်း ရိုက်တာသတင်းထောက်များက ပြောသည်။

ယူဆ

၎င်းကားဗုံးသည် မော်တော်ယာဉ်ပစ္စည်းသုံး လက်လုပ်ဗုံးဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ သို့ရာတွင် အချို့သော အီရတ် မျက်မြင်သက်သေများက ပြောဆိုရာတွင် ဒုံးကျည် သို့မဟုတ် စိန်ပြောင်းကျည် လမ်းပေါ် ကျရောက်ပေါက်ကွဲခဲ့သည်ဟု ယူဆရသည်ဟု ဆိုသည်။

ကြိုးပမ်း

၎င်းပေါက်ကွဲမှု၏ နောက်ဆက်တွဲအဖြစ် အီရတ်အချို့သည် ဒဏ်ရာရသူများနှင့် သေဆုံးသူများကို ထိန်းသိမ်းစောင့်ရှောက်ရန် ကြိုးပမ်းနေကြသည်။

ပြောက်ကျားများသည် ယခုလအတွင်း အီရတ်အုပ်ချုပ်ရေးကောင်စီကို အသေခံဗုံးခွဲတိုက်ခိုက်မှုအပါအဝင် ကားဗုံးများဖြင့် တိုက်ခိုက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဗြိတိသျှအရပ်သားများပါသော ယာဉ်တန်းပစ်ခတ်ခံရ ယာဉ်များကို အီရတ်တို့ မီးရှို့ဖျက်ဆီးပစ်

လန်ဒန် ဇွန် ၁

ဘဂ္ဂဒက်အနောက်မြောက်ဘက်တွင် ဗြိတိသျှအရပ်သားများလိုက်ပါလာသော ယာဉ်တန်း တနင်္ဂနွေနေ့က အတိုက်ခံရရာတွင် ဗြိတိသျှအရပ်သားလေးဦးနှင့် အီရတ်တစ်ဦးတို့လွတ်မြောက်ခဲ့ပြီး အီရတ်တစ်ဦး သေဆုံးကြောင်း ဗြိတိန်နိုင်ငံခြားရေးရုံးက တနင်္လာနေ့၌ ပြောကြားသည်။

ဗြိတိသျှအရပ်သားလေးဦးနှင့် အီရတ်တစ်ဦးတို့သည် ကားထဲမှ ထွက်ပြီး ဖြတ်မောင်းလာသော အီရတ်တစ်ဦး၏ ကားကို လက်ပြတားကာ ထွက်ပြေးလွတ်မြောက်ခဲ့ကြခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးရုံး ပြောခွင့်ရအမျိုးသမီးက ပြောကြားသည်။

ဗြိတိသျှအရပ်သားလေးဦးစလုံး ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းမရှိကြောင်း၊ အီရတ်လူမျိုးမှာ ဒဏ်ရာရခဲ့သော်လည်း မပြင်းထန်ကြောင်း သူမက ဆက်လက်ပြောကြားသည်။

အဝေးပြေးလမ်းမကြီး၌မောင်းလာသော ယာဉ်သုံးစီးပါကားတန်းကို သေနတ်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာတွင် အနောက်နိုင်ငံသားနှစ်ဦး သေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက တနင်္ဂနွေနေ့၌ ပြောကြားခဲ့ကြသည်။

တိုက်ခိုက်မှုဖြစ်ပြီးနောက် အီရတ်လူအုပ်ကြီးသည် ပျက်စီးနေသော ကားများပေါ်၌ ခုန်ပေါက်ကာ ဩဘာပေးခဲ့ကြပြီးနောက် ကားများကို မီးရှို့လိုက်ကြသည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

မကျေနပ်ချက် ပြောကြား

ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သော အီရတ်အမျိုးသမီးတစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များအား မကျေနပ်ချက်များ ပြောကြားနေသည်ကို ဇွန် ၁ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ချက်သမ္မတနိုင်ငံမှ စစ်ရဲတပ်ဖွဲ့ဝင်များ လာမည့်နှစ်ဆန်းတွင် အီရတ်မှ ရုပ်သိမ်းမည်

ပါရာဂွေး ဇွန် ၂

လာမည့်နှစ်ဆန်း၌ အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ချက်သမ္မတနိုင်ငံမှ စစ်ရဲတပ်ဖွဲ့ဝင်များ မိခင်နိုင်ငံသို့ ပြန်ကြမည်ဖြစ်ကြောင်း ချက်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး မီရိုဆလဗ်ကော့စ်တီရာက တနင်္လာနေ့တွင် ပြောကြားသည်။

လာမည့် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးသတ်မှတ်ချက်ထား၍ အီရတ်နိုင်ငံမှ ချက်စစ်ရဲတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကို ချက်ပါလီမန်သို့ တင်ပြထားကြောင်း ချက်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ကော့စ်တီရာက ပြောကြားကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာန စီတီကေက ကြေညာသွားသည်။ အဆိုပါ ချက်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် ယခုအခါ အီရတ်နိုင်ငံတောင်ပိုင်းရှိ ချက်သမ္မတနိုင်ငံ စစ်ရဲတပ်ဖွဲ့ဝင်များရှိရာ ဘာဆာရာမြို့သို့ အလည်အပတ် ရောက်ရှိနေသည်။

ပြီးခဲ့သည့် ဧပြီလက အမေရိကန်နှင့် အပေါင်းအပါတို့ ဆင်နွှဲသော အီရတ်စစ်ပွဲကို ထောက်ခံခဲ့သော ချက်သမ္မတနိုင်ငံသည် တပ်ဖွဲ့ဝင် ၃၀၀ ပါရှိသော စစ်မြေပြင်ဆေးတပ်ဖွဲ့ကို အီရတ်သို့ စေလွှတ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံတွင်အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ရှိနေမှုကို ကန့်ကွက်ပြီး အီရတ်ခေါင်းဆောင်များအား ထောက်ခံကြောင်း ဆန္ဒပြနေသူများကို အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဗြိတိသျှသံရုံးရှေ့တွင် ဇွန် ၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် သုံးနေရာ၌ တိုက်ပွဲများဖြစ်ပွား ကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁

အီရတ်တွင် နေရာသုံးနေရာ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီ အခြားနှစ်ဦးဒဏ်ရာရခဲ့သည်ဟု စစ်ဘက်ဆိုင်ရာက တနင်္လာနေ့၌ ပြောကြားသည်။

တပ်ဖွဲ့ဝင်နှစ်ဦးမှာ ကူဖာမြို့အနီး၌ တနင်္ဂနွေနေ့က ဖြစ်ပွားသောတိုက်ပွဲ၌ သေဆုံးခဲ့ခြင်းဖြစ်ပြီး ထိုကူဖာမြို့အနီး၌ အယ်လ်ဆာဒါသစ္စာခံများနှင့် အမေရိကန် တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

ချုံခိုတိုက်ခိုက်

တပ်ဖွဲ့ဝင်တစ်ဦးသည် ကင်းလှည့်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်ပြီး အခြားတစ်ဦးမှ တင့်ကားကို ဒုံးပစ်လောင်ချာထိမှန်သဖြင့် သေဆုံးခြင်းဖြစ်သည်။

သေဆုံး

ထိုအတောအတွင်း ဘဂ္ဂဒက်တောင်ဘက် တနင်္ဂနွေနေ့၌ လမ်းဘေးဗုံးထိမှန်ခံရသဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရခဲ့သည်။ အီရတ်၌ စစ်ဆင်ရေးစတင်ခဲ့သည်မှစပြီး တပ်ဖွဲ့ဝင် ၈၀၀ ကျော် သေဆုံးခဲ့သည်။ **(အင်တာနက်)**



ဘဂ္ဂဒက်မြို့တောင်ဘက် အယ်မက်မူဒီရာအရပ်တွင် အမေရိကန် စစ်လေယာဉ်များက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်ပျက်စီးပြီး အသက် ၁၂နှစ်အရွယ် သားငယ်တစ်ဦးပါ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သဖြင့် ဝမ်းနည်းကြေကွဲစွာငိုကြွေးနေသော အီရတ်အမျိုးသမီးကြီးတစ်ဦးကို ဇွန် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

မိုဆူးလ်၌ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁

အီရတ်နိုင်ငံ၏ စစ်ဆင်ရေးတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမက သေဆုံးသွားပြီး အခြားနှစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့က ပြောကြားသည်။

ဖော်ပြ

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ် မြို့အနီး၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စိန်ပြောင်းကျည်ထိမှန်သည့် ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်ကထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

သေဆုံး

အမှတ်(၃)တပ်မဟာမှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် အဆိုပါ စိန်ပြောင်းကျည်ထိမှန်ခဲ့ရမှုကြောင့် ဒဏ်ရာရရှိကာမေ ၃၁ ရက်က သေဆုံးသွားခဲ့ကြောင်း ယင်းကြေညာချက်၌ ဖော်ပြထားသည်။

ဒဏ်ရာရရှိ

တနင်္ဂနွေနေ့က အခြားသော တိုက်ခိုက်မှုတွင်လည်း ဘဂ္ဂဒက်တောင်ဘက်လမ်းဘေးဗုံးတစ်လုံးကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု အမေရိကန်တပ်ဖွဲ့က ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်တပ်ဖွဲ့ဝင်များ အီရတ်တို့၏ ပစ္စည်းများနှင့်ငွေများလုယက်ခိုးယူမှု အမေရိကန်စစ်ဘက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေကြောင်းပြောဆို

ဝါရှင်တန် ဇွန် ၁

အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်ထွက်စဉ် အီရတ်လူမျိုးတို့အား ရန်ပြုတိုက်ခိုက်ခဲ့ကြပြီး အီရတ်တို့၏ ရတနာဥစ္စာပစ္စည်းများနှင့် ငွေကြေးများကို ခိုးဝှက်ယူငင်ကြသည်ဆိုသော အစီရင်ခံစာများကို အမေရိကန်စစ်ဘက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေကြောင်း ကာကွယ်ရေးအရာရှိများက တနင်္လာနေ့၌ ပြောဆိုကြသည်။

အမေရိကန်စစ်ဘက် ရာဇဝတ်မှု စုံစမ်းရေးဌာနက အဆိုပါအမှုကို စုံစမ်းစစ်ဆေးခဲ့ပြီး ထိန်းသိမ်းရေးစခန်းများ၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ် အကျဉ်းသားများကို မတရားနှိပ်စက်သည့် အရှုပ်တော်ပုံကြီးမှနေ၍ အီရတ်နိုင်ငံ၏ နေအိမ်များနှင့် လမ်းများပေါ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ မတရားရန်ပြုတိုက်ခိုက်ခဲ့သည်များအထိ စုံစမ်းစစ်ဆေးရန် အကြံပြုထားသည်။

အတည်ပြု

အမေရိကန် ကာကွယ်ရေးဌာန ပြောခွင့်ရှိသူ ဘရိုင်ယန်ဝှစ်မင်းနှင့် အမည်မဖော်လိုသော အခြားကာကွယ်ရေးအရာရှိများက နယူးယောက်တိုင်းမ်၌ ဖော်ပြခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများကို စုံစမ်းစစ်ဆေးရာ၌ မမှန်မကန်ဆောင်ရွက်ကဲ့သည်ဆိုသော သတင်းကို အတည်ပြုခဲ့ကြသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာသည် လမ်းဘေးစစ်ဆေးရေးစခန်းများ၌ အီရတ်တို့ကို ရပ်တန့်ခိုင်းပြီး အီရတ်တို့ထံမှ ငွေကြေးများ လုယက်ယူငင်မှု အပါအဝင်အခြားအမှုနှစ်ဒါဇင်ထက်မနည်းကိုလည်း စုံစမ်းစစ်ဆေးနေရကြောင်း ဖော်ပြခဲ့သည်။

စွပ်စွဲ

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်တို့၏ နေအိမ်များကို ဝင်ရောက်စီးနင်းရှာဖွေစဉ် အိမ်များကို ဖျက်ဆီးကြသည့်ပြင် ငွေကြေးများကိုလည်း ခိုးယူကြောင်း အီရတ်တို့က စွပ်စွဲခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်ထိပ်တန်းဥပဒေပြုပုဂ္ဂိုလ် ဒိန်းမတ်သို့ အလည်အပတ်ရောက်ရှိ

ကိုပင်ဟေဂင် ဇွန် ၁

တရုတ်နိုင်ငံ ထိပ်တန်းဥပဒေပြုပုဂ္ဂိုလ် ဝူဘန်ဂိုးသည် သုံးရက်ကြာချစ်ကြည်ရေးအလည်အပတ်ခရီးအဖြစ် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ယမန်နေ့က ရောက်ရှိခဲ့သည်။

နှစ်နိုင်ငံကြား ကာလရှည်ကြာချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုနှင့်ပတ်သက်ပြီး ဝူဘန်ဂိုးက အလေးထားပြောကြားခဲ့ရာ နှစ်နိုင်ငံကြားဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် မျှော်မှန်းကြောင်း ပြောကြားခဲ့သည်။

၎င်း၏ချစ်ကြည်ရေးခရီးစဉ်အတွင်း ဒိန်းမတ် ထိပ်တန်းဥပဒေပြုပုဂ္ဂိုလ် ခရစ္စတီယန်နေတောလ်နှင့် တွေ့ဆုံမည်ဖြစ်သည့်အပြင် အခြားဒိန်းမတ် နိုင်ငံမှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံကာဒေသတွင်းနှင့် နိုင်ငံတကာပြဿနာရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

တရုတ်ထိပ်တန်း ဥပဒေပြုအဖွဲ့ဝင် ဝူဘန်ဂိုးသည် ၎င်း၏ ဥရောပ လေးနိုင်ငံခရီးစဉ် အတွင်း ဘူဂေးရီးယားနှင့် ရုရှားနိုင်ငံကို အလည်အပတ်ရောက်ရှိခဲ့ပြီးဖြစ်ပြီး ၎င်း၏ နောက်ဆုံးခရီးစဉ် တစ်စိတ်တစ်ဒေသအဖြစ် နော်ဝေးနိုင်ငံသို့သွားရောက်မည်ဖြစ်သည်။ **(စီစီတီဗွီ)**

လုံခြုံရေး စောင့်ကြပ်

ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇွန် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြားဖြတ်အစိုးရဖွဲ့စည်းမှု၌ ကန်တို့ ဝင်စွက်ဖက်နေ အီရတ်အုပ်ချုပ်မှုကောင်စီဝင်အချို့က စွပ်စွဲ

ကုလသမဂ္ဂ ဇွန် ၁

အီရတ်ကြားဖြတ်အစိုးရအဖွဲ့ဖွဲ့စည်းမှုနှင့်ပတ်သက်ပြီး ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဘရာဟီမီက မကြာမီအချိန်အတွင်း ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ထားချိန်တွင် အစိုးရအဖွဲ့နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရာ၌ အမေရိကန်တာဝန်ရှိသူများက ဝင်ရောက်စွက်ဖက်မှုများရှိကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင် အချို့က စွပ်စွဲပြောကြားခဲ့ကြသည်။

ထိုအတောအတွင်း ဘဂ္ဂဒက်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှု ယမန်နေ့က ဖြစ်ပွားလင့်ကစား စီစဉ်ထားသည့်အတိုင်း ယခုလ ၃၀ ရက်နေ့မှာ အုပ်ချုပ်ရေးလွှဲပြောင်း ပေးအပ်မည်ဖြစ်ကြောင်း အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယမန်နေ့က ဖြစ်ပွားခဲ့သောအသေခံဗုံးခွဲတိုက်ခိုက်မှုသည် အမေရိကန်ဦးဆောင်သည့်ဒေသဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အတွက် ဘဂ္ဂဒက်မြို့၏ လုံခြုံမှုအရှိဆုံး နေရာဖြစ်သော အစိမ်းရောင်နယ်မြေသို့ သွားရန် အီရတ်အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်များနှင့် အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့မှ တာဝန်ရှိသူများ ပုံမှန်အားဖြင့် အသုံးပြုလေ့ရှိသော လူသုံးများရာ လမ်းမတစ်ခုပေါ်၌ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကြားဖြတ်အစိုးရအဖွဲ့၏ သမ္မတအဖြစ် မည်သူ့ကို ရွေးချယ်သည်ဖြစ်စေ၊ အီရတ်ပြည်သူများ၏ ယုံကြည်မှုကို ရရှိရန် ခက်ခဲမည်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်အနောက်ဘက်ဟာသီယာ၌ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၁

ဘဂ္ဂဒက်အနောက်ပိုင်းရှိ လူနေဒေသတစ်ခုတွင် မေ ၃၁ ရက်က ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူလေးဦးထက်မနည်းသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရခဲ့သည်ဟု ပြင်သစ်သတင်းဌာနအေအက်ဖ်ပီက မျက်မြင်တွေ့ရှိသူနှင့် ဆေးရုံအရာရှိများကို ကိုးကားလျက် သတင်းဖော်ပြသည်။

ဟာသီယာတွင် ဖြစ်ပွားခဲ့သော ယင်းတိုက်ခိုက်မှုတွင် ကလေးငယ်တစ်ဦးလည်း သေဆုံးသည်ဟု သတင်းဌာနက ဖော်ပြသည်။ ကားဗုံးပေါက်ကွဲမှုသည် ယခင်ဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က အရာရှိတစ်ဦးဖြစ်သော နိမ်ဟက်ဒက်၏ အိမ်အပြင်ဘက်၌ ဖြစ်ရာ၎င်းက မိမိကို ပစ်မှတ်ထားသည်ဟု မထင်ကြောင်းပြောဆိုသည်။

ကားဗုံးခွဲတိုက်ခိုက်မှုတွင် ၎င်းနှင့်အတူ ဇနီးဖြစ်သူနှင့် ကလေးနှစ်ဦးအပြင် မြေးငယ်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

ကားဗုံးဖောက်ခွဲမှုကို မည်သူကျူးလွန်ကြောင်း သို့မဟုတ်အသေခံတိုက်ခိုက်ခြင်းဟုတ်မဟုတ်ကိုချက်ချင်းမသိရဟု ဆိုသည်။ **(အင်တာနက်)**

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကရင်ပြည်နယ် ဘားအံ–မြိုင်ကြီးငူ ၃၄ မိုင် အရှည်ရှိ သစ္စာလမ်းမကြီးဖွင့်ပွဲတွင် ဒေသခံပြည်သူများ ဤသို့ ပျော်ရွှင်စွာတက်ရောက်ခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာတွင် တည်ဆောက်ထားသည့် တိုက်နယ်ဆေးရုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ ဓမ္မပါလ စာကြည့်တိုက်ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)



အခြေခံပညာကဏ္ဍတိုးတက်မြင့်မားရေးအတွက် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အင်းတိုင်တွင် နိုင်ငံတော်က အသစ်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော အင်းတိုင် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း– သတင်းစဉ်)

ပန်းဆေး တံတား

မန္တလေးတိုင်း တံတားဦးမြို့နယ် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းပေါ် တွင် တည်ရှိသည့် အရှည်ပေ ၂၀၀ ရှိသော ပန်းဆေးတံတား ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အမျိုးသားညီလာခံအစုအဖွဲ့ ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ဦးကျော်ဝင်းထွန်း အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ရုပ်ရှင်ဇာတ်ကား ကြည့်ရှုအပန်းဖြေ

ရန်ကုန် ဇွန် ၂

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေး အစီအစဉ်များကို နေ့စဉ်ည ၇ နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကျော်သူရိုက်ကူးပြီး သရုပ်ဆောင်ကျော်သူ၊ ထက်ထက်မိုးဦး၊ ဇာဂနာ၊ စိုးမြတ်နန္ဒာတို့ ခေါင်းဆောင်ပါဝင်သည့် "ပုဏ္ဏားဘကွန်း" ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံ ကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးမျိုးမြင့် လုပ်ငန်းပိုင်းဆိုင်ရာများမှာကြား

ရန်ကုန် ဇွန် ၂

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်သည် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် အထူးအရာရှိ ဗိုလ်မှူးကြီးခင်မောင်စိုးတို့ လိုက်ပါလျက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရန်ကုန်တိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိပြီး တာဝန်ရှိသူများအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကိုလည်းကောင်း မှာကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လျှပ်စစ်အင်ဂျင်နီယာဦးလှပိုက်၊ ဒုတိယ တိုင်းလျှပ်စစ်အင်ဂျင်နီယာ၊ ဌာနမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားခွဲရုံမှူးများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▼ ရှေ့ဖုံးမှ

စစ်ကိုင်းတိုင်းမှဦးကံညွှန့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်၊ မကွေးတိုင်းမှ ဦးတင်မောင်ကျော်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ရောဝတီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ ညီလာခံကိုယ်စားလှယ်များက သဘာပတိအဖွဲ့ထံ အကြံပြုစာတမ်းများ အသီးသီး တင်ပြကြသည်။

ယင်းနောက် သဘာပတိအဖွဲ့က တင်ပြလာသော စာတမ်းများအား လေ့လာဆွေးနွေးကြပြီး တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏သဘာပတိ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ပြည်နယ်နှင့်တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များ စာတမ်းများ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကြရာ ကယားပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းကြစဉ်။

(သတင်းစဉ်)

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ဆက်လက်ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်နှင့်ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းတို့က ဆောင်ရွက်ကြပြီးအခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီလုပ် ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၈ ဦးလုံး ရာခိုင်နှုန်းပြည့်တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ဦးကျော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့ငယ်(၄)မှ အကြံပြုရေးသားတင်ပြသည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍဆိုင်ရာစာတမ်းကို ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးအောင်ကြည်နှင့် ပဲခူးတိုင်း(အနောက်)မှ အလုပ်သမားကိုယ်စားလှယ်ဦးတင်စိန်တို့က ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဖတ်ကြားဆွေးနွေး တင်ပြကြသည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်းသည့် စာတမ်းကို အစည်းအဝေးသို့ တက်ရောက်လာသော အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းမှ ဦးသင်းကြူ၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် ဦးတင့်နိုင်တို့က အသီးသီး ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၉နာရီ မိနစ် ၅၀တွင် ရပ်နားလိုက်သည်။

အလားတူ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ကချင်ပြည်နယ်နှင့် ကယားပြည်နယ် ညီလာခံကိုယ်စားလှယ်များက မိမိတို့ အစုအဖွဲ့ အစည်းအဝေးခန်းများ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုစာတမ်းတင်သွင်းနိုင်ရေးအတွက် စာတမ်းများကို ဆွေးနွေးညှိနှိုင်းပြုစုကြသည်။ **(သတင်းစဉ်)**

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်၏ ၂၀၀၄–၂၀၀၅ ခုနှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က ပတ္တမြားဆောင်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မာချို့အား အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေနှင့် စာအုပ်စာရေးကိရိယာများ၊ ကျောင်းအသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

မေ ၂၂ ရက်က အာရှ–ပစိဖိတ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း Confederation of Asia-Pacific Chambers of Commerce & Industry (CACCI) မှ ဥက္ကဋ္ဌ Mr. K.K Moti ဦးဆောင်သော အဖွဲ့ဝင် ၁၂ဦး ပါဝင်သည့်အဖွဲ့ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အစည်းအဝေးခန်းမတွင် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါ်လှမြင့်၊ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံကြပြီး အသင်းနှစ်ခု၏ ဆောင်ရွက်ချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။ (က–ပ)

■ ရှေ့ဖုံးမှ

ယင်းနောက် ရှင်းလင်းဆောင်၌ ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း စစ်ကိုင်းဘက်ကမ်း တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက စစ်ကိုင်းဘက်ကမ်း တည်ဆောက်ရေးအပိုင်း၌ ကမ်းကပ်ခုံ G-1မှ G-11အထိ တည်ဆောက်ပြီးစီးခဲ့ပြီး ယခုအခါ ရေလယ်တိုင် RP(6) Bored Pile တည်ဆောက်ပြီးစီးမှု၊ RP(7) Shaft သွန်းလောင်းနေမှုတို့နှင့် စပ်လျဉ်း၍ ပုံစံကားချပ်ဖြင့် ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ရေယာဉ်ဖြင့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်းသို့ရောက်ရှိကြပြီး ကမ်းကပ်ခုံ M-1 မှ M-11 အထိ တည်ဆောက်ပြီးစီးမှု၊ RP(1) မှ RP(2) သို့ ပင်မသံပေါင်တပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်း ရှင်းလင်းဆောင်၌ မန္တလေးဘက်ကမ်း တံတားတည်ဆောက်ရေးစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်အပိုင်း၌ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကိုပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

မြစ်ငယ်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက မြစ်ငယ်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အဆင့်ဆင့်ကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြစ်ငယ်တံတား တစ်ဖက်ကမ်း P.4 ၌ ကန့်လန့်ဖြတ်ရက်မတပ်ဆင်ဆောင်ရွက် ထားရှိမှုကိုလည်းကောင်း၊ မန္တလေးဘက်ကမ်း၌ Bored Pile ထိပ်အုပ် တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြသည်။

ပင်းချားတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်လျက်ရှိသော ပင်းချားတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေး တာဝန်ခံခရိုင်အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က တံတားလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ယခုမိုးကာလအတွင်း ချောင်းရေလွှတ်ကင်းသည်အထိ တံတားတိုင်များ ပြီးစီးရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် တံတား ထိပ်အုပ် (Cap) လောင်းမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကျေးလက်ဖွံ့ဖြိုးရေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဟန်မြင့်မို–ရဲကြီးကျေးလက်ဖွံ့ဖြိုးရေးလမ်းတစ်လျှောက် လမ်းဘေးဝဲယာနွေနှမ်းနှင့် အခြား သီးနှံများ စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၉နာရီ ၂၅ မိနစ်တွင် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန၏ ကင်းရွာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းသို့ ရောက်ရှိကြပြီး အနီးပတ်ဝန်းကျင် ကျေးရွာများမှ စိုက်ပျိုးထားရှိသော ဝါစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ကင်းရွာမြစ်ရေတင်လုပ်ငန်း အပိုင်း(၂) ဇော်ဂျီမြစ်ရေတင်စက်ရုံကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကင်းရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းရှင်းလင်းဆောင်၌ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့မှ စိုက်ပျိုးရေးတိုးမြှင့်မှုကြီးကြပ်ရေးအဖွဲ့ဝင်များအားတွေ့ဆုံကာ မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ဇော်ဂျီရေသောက်စနစ်ရှိ ရေလွှဲဆည်လေးခုဖြင့် ရေပေးဝေနေမှု၊ လက်ရှိ သီးနှံစိုက်ပျိုးနိုင်မှုနှင့် လာမည့်နှစ်များတွင် စိုက်ပျိုးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေရရှိရေး

ယင်းနောက် မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးအေးသိန်း၊တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နှင့် မိတ္ထီလာခရိုင်ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က မိတ္ထီလာခရိုင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ တိုးတာဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက မိတ္ထီလာခရိုင်စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ၎င်းတို့မြို့နယ်မှ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးက မိတ္ထီလာခရိုင်အတွင်းရှိ ဆည်တမံ၊ရေသိုလှောင်ကန်၊ကန်နှင့် တူးမြောင်းများဖြင့် ခရိုင်အတွင်း ဒေသအနှံ့အပြား ရေရရှိရေးဆောင်ရွက်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်မှ အဓိကထားဆောင်ရွက်နေသောလုပ်ငန်းဖြစ်သည်နှင့်အညီသက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူများက တာဝန်သိသိဖြင့် မိမိတာဝန်ယူရသော အပိုင်းကဏ္ဍအလိုက် ကျေကျေပွန်ပွန် ထမ်းဆောင်ကြရေး၊ စနစ်တကျတိုင်းတာဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိကြပြီး ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ နံနက်၉နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဇွန် ၂ ရက်က အီတလီသမ္မတနိုင်ငံအမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့ တက်ရောက်ကြရာ မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr. Rafaelle Miniero နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

စီးပွား/ကူးသန်း (က)နှင့်(ခ)အသင်းတို့အား ဂုဏ်ပြုဆုငွေချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂

၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ပြီး ပထမတန်းသို့တက်ရောက်ခွင့်ရရှိခဲ့သော စီးပွား/ကူးသန်း(ခ)အသင်းနှင့် ၂၀၀၃–၂၀၀၄ခုနှစ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော စီးပွား/ကူးသန်း(က)အသင်းမှ ဘောလုံးသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးရုံး အပေါ်ဆုံးထပ်ရှိ ညီလာခံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက စီးပွား/ကူးသန်း(ခ)အသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက စီးပွား/ကူးသန်း(က)အသင်းအား ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဂုဏ်ပြုခံဘောလုံးသမားများကိုယ်စား အားကစားသမား ရာဇာဝင်းသိန်းက ကျေးဇူးတင်စကားပြောကြားသည်။ **(မြန်မာ့အလင်း)**

လှိုင်သာယာမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၆ နာရီက အမှတ်(၂) ရပ်ကွက် တပင်ရွှေထီးလမ်း ဝဲယာတစ်လျှောက်နှင့် ရေဥက္ကံကျေးရွာ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ပတ်ဝန်းကျင်တို့၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အဖွဲ့ဝင်များ အင်အား ၅၀၀ကျော်တို့သည် ပျိုးပင်ပေါင်း တစ်ထောင်ကျော်ကို တပျော်တပါး ပါဝင်စိုက်ပျိုးကြသည်။**(ယာပုံ)**

အဆိုပါသစ်ပင်များစိုက်ပျိုးရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က တက်ရောက်ပါဝင်စိုက်ပျိုးပေးခဲ့သည်။

ပျိုးပင်ပေါင်း တစ်ထောင်ကျော်တွင် ကုက္ကို၊ စိန်ပန်း၊ပိတောက်၊ ပျဉ်းမနှင့် အော်ရေးရှားပိတောက်တို့ ပါဝင်ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

၂၀၀၄ခုနှစ် မယ်စကြာဝဠာဘွဲ့ ဩစတြေးလျသူဆွတ်ခူးရရှိ

ရန်ကုန် ဇွန် ၂

ဩစတြေးလျနိုင်ငံမှ အသက်(၂၀)အရွယ် အပြာရောင်မျက်လုံးပိုင်ရှင်သည် ရုပ်မြင်သံကြားပရိသတ်များစွာ၏ ကြည့်ရှုမှုမြင်ကွင်း၌ မယ်စကြာဝဠာဘွဲ့ကို ဆွတ်ခူးရရှိသွားသည်။ ဩစတြေးလျသူ ဂျနီဖာဟော့ကင်းသည် ဒိုမိနီကန်သူ အမီလာဗီဂါထံမှသရဖူကို လွှဲပြောင်းရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် သတင်းစာရှင်းလင်းပွဲသို့ အမေရိကန်မှ စီးပွားရေးလုပ်ငန်းရှင် ဒေါ်နယ်ထရန့်နှင့်အတူ ဂျနီဖာဟော့ကင်း တက်ရောက်လာခဲ့သည်။ ဒေါ်နယ်ထရန့်က ဂျနီဖာဟော့ကင်းသည် ယခင် မယ်စကြာဝဠာမယ်များထက် ပိုမို၍ ချောမောလှပပြီး နောင်နှစ်များစွာအထိ သရဖူကိုပိုင်ဆိုင်နေမည်ဟု ထောမနာပြုသွားသည်။

နောက်ဆုံးဗိုလ်လုပွဲအဆင့် ကျင်းပချိန်သည် နှစ်နာရီခန့်ကြာမြင့်ခဲ့ပြီး နိုင်ငံပေါင်း ၁၈၀မှ ရုပ်မြင်သံကြားပရိသတ် ၁ ဒသမ၅သန်းခန့်တို့ကကြည့်ရှု ခဲ့ကြသည်။ အဆိုပါ မယ်စကြာဝဠာရွေးချယ်ပွဲ၌ နိုင်ငံပေါင်း ၈၀မှ လှပျိုဖြူ များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဒုတိယဆုကို အမေရိကန်နိုင်ငံသူ ကာဝါမီ ဂျက်ဆင်က ရရှိသွားသည်။ **(မြန်မာ့အလင်း)**

ဇွန် ၁ ရက်က ကျင်းပသည့် ကမ္ဘာ့မယ်စကြာဝဠာရွေးပွဲတွင် ၂၀၀၄ ခုနှစ်အတွက် မယ်စကြာဝဠာဘွဲ့ ဆွတ်ခူးရရှိသွားသူ ဩစတြေးလျသူ ဂျနီဖာ ဟော့ကင်းအား ဆုလက်ခံရယူပြီးနောက် ဤသို့တွေ့ရသည်။

(ဓာတ်ပုံ–အင်တာနက်)

B.B.B Cup

အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ မန္တလေးတွင် စတင်ကျင်းပ ပြိုင်ပွဲဝင်အသင်း ၄၄သင်း ပါဝင်ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ B.B.Bစားသောက်ဆိုင်မှ အဓိကပံ့ပိုးသည့် B.B.B Cup အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂ရက် နံနက် ၉ နာရီမှစတင်၍ မန္တလေး ဗထူးကွင်းတွင် စတင်ကျင်းပရာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာမြို့စသည့် မြို့ကြီးများအပါအဝင် မြန်မာပြည် တစ်ပြည်လုံးရှိ ပိုက်ကျော်ခြင်းအသင်းပေါင်း ၄၄ သင်း ပါဝင် ယှဉ်ပြိုင်လျက်ရှိသည်။

ပတ်လည်ယှဉ်ပြိုင်

အဆိုပါအသင်း၄၄သင်းကို အုပ်စု၁၁စုခွဲထားပြီး အုပ်စုတွင်းပတ်လည်ကစားပြီး အုပ်စုတစ်စုစီမှ ပထမရအသင်း၊ ဒုတိယရအသင်း နှစ်သင်း စုစုပေါင်း ၂၂သင်းတို့ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို ဇွန် ၂ရက်မှစတင်၍ ကျင်းပလျက်ရှိပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဆုပေးပွဲတွင် ပထမဆုကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲ၊ တတိယဆု ကျပ်တစ်သိန်း၊ စတုတ္ထဆု ကျပ်ငါးသောင်းချီးမြှင့်မည်ဖြစ်ပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်များ ကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆောင်းပါးစက်ရုံ ကုန်ချော (၄)

နိုးထရင်းပြုံးလာသောကွမ်းခြံကုန်းမြို့နယ်

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

မြန်မာနိုင်ငံ၏မြို့တော် ရွှေရန်ကုန်နှင့် ခြေတစ်လှမ်းအကွာအဝေး၌ တည်ရှိသောကြောင့် မြို့တော်ကြီး၏ ဖွံ့ဖြိုးတိုးတက်ခြင်းအရိပ်များ လွှမ်းမိုးရာ ဒေသတစ်ခုဖြစ်ပေလိမ့်မည်ဟု ထင်လျှင်သော်လည်းကောင်း၊ မြို့တော်ကြီးနှင့်အတူ ဖွံ့ဖြိုးပြုံးများဖုံးလွှမ်းနေလိမ့်မည်ဟု ထင်လျှင်သော်လည်းကောင်း မှားဆိုမှားမှ မှားပေလိမ့်မည်။ အရှင်းဆုံးဥပမာပေးရလျှင် မျက်လုံးက အနီးဆုံးဖြစ်သည့်မျက်ခမ်းကို မမြင်နိုင်သလို ဖြစ်ပါသည်။

မမြင်နိုင်လောက်အောင်ပင် ဒေသကမှုန်ဝါးနေခဲ့ပါ၏။ နယ်ချဲ့ခေတ်နှစ်တစ်ရာ ဘာဆိုဘာမျှ ဖွံ့ဖြိုးရိပ်မထင်ခဲ့သည့်ပြင် နယ်ချဲ့စနက်ကြောင့် လူမျိုးစွဲဥပါဒါန် ပြင်းထန်ပေါက်ကွဲရာ ဒေသတစ်ခုပင်ဖြစ်ခဲ့ရပါ၏။ လွတ်လပ်ရေးကာလ ဝန်းကျင်တုန်းက နယ်ချဲ့စနစ်၏ စနက်ကြောင့် လူမျိုးစွဲဥပါဒါန်ဒဏ်စီးကြောင်းကြီးတစ်ခု ဖြစ်ပေါ်ခဲ့ရာ ယင်းဒဏ်စီးကြောင်းထဲသို့ ဒေသခံများ မြုပ်တုံပေါ်တုံ စီးဝင်ခဲ့ရပြီး မိတစ်ကွဲ ဖတစ်ကွဲဖြင့် အသက်ကိုဖက်နဲ့ထုပ် ခပ်သုတ်သုတ်မြို့တက်ပြေးနိုင်ခြင်းကြောင့်သာ အသက်ဘေးမှ လွတ်ခဲ့ရသူများထဲတွင် ဤအရှင်တို့ ပါဝင်ခဲ့ရခြင်း၊ မိသားစုဘဝ၏ ခနဥစ္စာ လယ်ယာကျွဲနွား ဆုံးပါးလက်လွှတ်ရသည့် မိသားစုများထဲတွင် ဤအရှင်တို့မိသားစု ပါဝင်ခဲ့ရခြင်းတို့ကြောင့် တိုင်းရင်းသားအချင်းချင်း သွေးခွဲခံ သွေးကွဲခံရခြင်း၏ ရလဒ်ဆိုးကျိုးများကို အရွယ်နှင့်မမျှ ခံစားသိမြင်ခဲ့ရပါသည်ဆိုလျှင် သစ္စာကဏာသာ ဖြစ်ပါသည်။

နယ်ချဲ့စနစ်၏ သွေးခွဲခံရ၍ သွေးကွဲခံရသည့် ဒဏ်စီးကြောင်းကြီးဖြစ်ပေါ်ခဲ့ဖူးသော ယင်းနေရာဒေသသည် ရန်ကုန်ရွှေမြို့တော်ကြီးနှင့် မိုင် ၃၀ အကွာ ကွမ်းခြံကုန်းမြို့နယ် ဖြစ်ခဲ့ပါသည်။

(ခ)

လွတ်လပ်ရေးဝန်းကျင်ကာလ အနိဋ္ဌာရုံအဝဝတို့ဖြင့် ဒုက္ခဝဲဂယက်တွင်း သက်ဆင်းခဲ့ရသည့်ကာလမှ လွန်မြောက်လာပြန်သည့်တိုင်အောင် ဒေသတစ်ခွင်တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့ခြင်း၊ တောတွင်းအောင်း လက်နက်ကိုင်များ ရှိနေခဲ့ခြင်း၊ လယ်ယာစိုက်ပျိုးရေးကလည်း ဈောက်ချလုပ်ကိုင်သူများပင် ဝမ်းဝဖို့မျှသာဖြစ်ပြီး ခါးလှဖို့အထိမဖြစ်ထွန်းနိုင်ခဲ့ခြင်း၊ ရေလုပ်ငန်းများကလည်း ထိုနည်းလည်းကောင်းဖြစ်ခဲ့ခြင်း၊ ရန်ကုန်မြို့နှင့်အဆက်အသွယ်ကောင်းလွန်းသူ အချို့သာ စီးပွားဥစ္စာဖြစ်ထွန်းခဲ့ခြင်းစသည် ခြင်း ...ခြင်း...တို့ကြောင့် ကွမ်းခြံကုန်းမြို့ကလေးသည် ကလေးအဆင့်မှ လူကြီးအဆင့်သို့ မြင့်တက် ထွားကျိုင်းမလာနိုင်ခဲ့ပါချေ။

သာဓကပြရလျှင် ၁၉၅၅ ခုနှစ်တွင် ထုတ်ဝေသည့် မြန်မာ့စွယ်စုံကျမ်းအတွဲ ၂၊ စာမျက်နှာ ၂၂၆၌ ပါရှိသော ကွမ်းခြံကုန်းမြို့ဓာတ်ပုံ ဖြစ်၏။ ကွမ်းခြံကုန်းမြို့ ဓာတ်ပုံထဲ၌မြို့ပြ၏ အရိပ်အယောင် အငွေ့အသက်များ တစ်ရှုစာမျှ ရှိုက်ဖွယ်မမြင်ရဘဲ ကြာရွက်တွေဝေနေသော ရေကန်ကြီး၏ ဟိုမှာဘက်တွင် စေတီတော်တစ်ဆူနှင့် အာရုံခံတန်ဆောင်းတစ်ခုကိုသာ တွေ့ရပြီး ကျန်အရာများမှာ ထန်းပင်၊ အုန်းပင်၊ ငှက်ပျောပင်၊ ကုက္ကိုပင်ဟူသော တောသဘာဝသာဖြစ်လေ၏။ ယင်းသည်ပင် ထိုစဉ်က ကွမ်းခြံကုန်းမြို့ဖြစ်ပါဘိတော့၏။

ယင်းအချက်က ဘာကိုပြောနေသနည်းဆိုလျှင် နိုင်ငံ၏ မိဘသဖွယ်ဖြစ်သော နိုင်ငံတော်အစိုးရတစ်ရပ်၏ စွမ်းရည်ကိုပြောနေပါ၏။ ဘယ်လိုစနစ်မျိုးနဲ့ ဘယ်အစိုးရပဲတက်တက် တကယ့်တကယ် နိုင်ငံ့အကျိုးနှင့်ဒေသအကျိုးကို ထိုအစိုးရက ဆောင်ရွက်ပေးနိုင်ပါသလား၊ ဆောင်ရွက်နိုင်စွမ်းရှိပါသလားဆိုသည်ကသာ ပဓာနမှ ပဓာနစစ်စစ်ဖြစ်ပါ၏။ ကွမ်းခြံကုန်းမြို့အနေဖြင့်မူ လွတ်လပ်ရေးခေတ် နှစ် ၄၀ ကာလပတ်လုံး ထိုစွယ်စုံကျမ်းပါ ဓာတ်ပုံအတိုင်းသာ တည်ရှိခဲ့ပြီး ထိုနှစ် ၄၀အလွန် သည်မှာဘက် ၁၉၉၀ ပြည့်ကျော်ကာလများ ရောက်လာမှသာ ကွမ်းခြံကုန်းမြို့သည် ဓာတ်ပုံထဲမှ နိုးထလူးလွန့်လာရပါ၏။

(ဂ)

ဤအရှင်တို့သည် ဇာတိချက်ကြွေမွေးရပ်မြေကို ရှင်သာမဏေဘဝကတည်းက ပညာရေးကြောင့် ခွာခဲ့ရပြီး ရှင်ရဟန်းတို့ပျော်ရာ မြို့မန္တလာ၌ ပညာသင်ကြား၍ ရဟန်းဘဝတွင်မူ ရှမ်းပြည်နယ်တစ်ခွင် ကျင်လည်ခဲ့ရင်း မွေးရပ်မြေသို့ ၄၊၅ နှစ်တစ်ခေါက် သားချင်းများထံ အာဂန္တုခရီး ပြန်ပြန်ရောက်ခဲ့ရာဝယ် ထိုကာလများတစ်လျှောက် ကွမ်းခြံကုန်းမြို့အဝင် ကြံခင်းတံတားကလည်း သည်အတိုင်း သည်အတိုင်း၊ ကွမ်းခြံကုန်းမြို့အလယ် မင်းပိုင်းတံတားကလည်း သည်အတိုင်း သည်အတိုင်း၊ မြို့တောင်အရပ် တောင်ဘက်ပိုင်းတံတားကလည်း သည်အတိုင်း သည်အတိုင်း၊ ဤအရှင်တို့ သာမဏေဘောင်ကူးပြောင်းရာ ကျောင်းဖြစ်သည့် ဓမ္မိကာရုံကျောင်းကလည်း သည်အတိုင်း သည်အတိုင်း၊ ခမည်းတော်နှင့်အစ်မတော်ကြီးတို့နေထိုင်ရာ စံပြရပ်ကွက်ရှိ အိမ်ကလည်း သည်အတိုင်း သည်အတိုင်း၊ နောင်တော်ဦးထွန်းရည်နှင့် ဒေါ်ဝင်းကြိုင် တို့၏ ဈေးပိုင်းကမ်းနားလမ်းရှိ ထမင်းဆိုင်လေးကလည်း သည်အတိုင်း သည်အတိုင်း၊ ထို့အတူ တစ်မြို့လုံးရှိ လမ်းဈေးအိမ်ခြေ အထွေထွေအပိုင်းပိုင်းတို့ ကလည်း သည်အတိုင်းသည်အတိုင်းဖြင့် 'သည်အတိုင်း ဇာတ်မျော'မောသော်ရှိ မမောသော်ရှိ ခေတ်၏ဆိုင်းချက်အရ ကပြခဲ့ကြရာမှ ၃၁-၁၂-၁၉၉၅ ရက်စွဲတွင်မူ ယနေ့နိုင်ငံတော် အစိုးရက ကွမ်းခြံကုန်းမြို့လယ် မင်းပိုင်းတံတားဟောင်းကြီးကို အရှည်ပေ ၁၈၆ ပေ၊ အကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ်ပေ တစ်ဖက် ငါးပေစီရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ် တံတားကြီးအဖြစ် သစ်သစ်လွင်လွင် ထင်ထင် တောက်တောက် တည်ဆောက်ပေးခဲ့ချိန်မှစ၍ကား သည်အတိုင်း ဇာတ်မျောပြည်ဖုံးကားချ၊ လှပသစ်လွင်ကားလိပ်ဖွင့်၊ မြင့်မားသော မြို့ပြအပွင့် ဝင့်ဝင့်ဝေလန်း လာပါလေတော့၏။

ထိုအခါက် မွေးရပ်မြေပြန်အရောက်တွင် အစ်မတော်ကြီးဒေါ်ကြည်က ဆီး၍ လျှောက်ထားသော စကားတစ်ခွန်းမှာ ယနေ့တိုင် နားထဲမှ မထွက်နိုင်သေးပါ။ "မောင်ပဥ္စင်းရေ...အစိုးရက ကွမ်းခြံကုန်းမြို့အတွက် အခုဆောက်ပေးလိုက်တဲ့တံတားကြီးကတော့ မြို့နဲ့တောင်မတန်ဘူးဘုရား"တဲ့။ နိုင်ငံတော်အစိုးရ၏ စေတနာကို သေချာစွာခံစားသိရှိသည့် အစ်မတော်ကြီး၏ ဥဒါန်းစကားပါလေ။

(ဃ)

နိုင်ငံတော်အစိုးရက ကွမ်းခြံကုန်းဒေသသားများကို နိုးထအောင် လှုပ်နှိုးပေးသည့် ခရီးစဉ်များအဖြစ် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်ကြီးများသည် ကွမ်းခြံကုန်းမြို့နယ်သို့ အကြိမ်ကြိမ် အကျော့ကျော့ ရောက်ရှိလာကြကာ မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးခဲ့ကြပါကုန်၏။ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစသည့် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံ အပုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်ရေး အားပေးစောင့်ရှောက် ချီးမြှောက်ပံ့ပိုးခဲ့ကြပါကုန်၏။ ထို့ကြောင့် တပ်မတော်အစိုးရဟူသော ဤမျက်လုံးသည်ကား မျက်ခမ်းကိုရော မျက်ခုံးကိုပါမက ကျောပြင်အပါအဝင် တစ်ကိုယ်လုံးကို ဖြန့်ကြက်မြင်နိုင်စွမ်းရှိပါတကား ဟူသည့် ခံစားချက်များဖြင့် ကွမ်းခြံကုန်းသားတို့ နိုးကြားလှုပ်ရှားလာပါကုန်တော့၏။

ယနေ့နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် အကြိမ်ကြိမ်ရောက်ရှိလာကာ ကွမ်းခြံကုန်းမြို့နယ် တောင်ဘက်ခြမ်း မုတ်ကျွန်းဒေသ လက်ခုပ်ကုန်းကမ်းခြေအရောက် ကားလမ်းဖောက်လုပ်ရေး၊ လက်ခုပ်ကုန်းကျေးရွာ လျှပ်စစ်မီး အချိန်ပြည့်ရရှိရေး၊ ကျောင်းဆောင်သစ် တိုးချဲ့ရေး၊ တိုက်နယ်ဆေးရုံသစ် တည်ဆောက်ရေး၊ ဆက်သွယ်ရေးစခန်း တည်ဆောက်ရေး စသည်တို့ကို လမ်းညွှန်မှာကြားခဲ့သည်မှ လက်ခုပ်ကုန်း ကမ်းခြေ ဖွံ့ဖြိုးရေး နိုးထခဲ့၏။ ပင်လယ်ရေတိမ်ဖြစ်သောကြောင့် ရေမကြည် မပြာခြင်းမှလွဲ၍ လက်ခုပ်ကုန်းကမ်းခြေအလှက ရန်ကုန်မြို့တော်ကြီးသား တို့ကို အချိန်တိုအတွင်း မြို့ပြမွန်းကျပ်ခြင်းပြေလျော့စေရန် ဖိတ်ခေါ်နိုင်လျက်သာ ရှိနေလေ၏။

ထို့ပြင် ထိုအကျော့ကျော့ခရီးစဉ်များအတွင်း ပညာရည်မြင့်မားရေးအတွက် ကွမ်းခြံကုန်းမြို့ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများ၌ ကျောင်းဆောင်သစ်များတိုးချဲ့ရေး၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများဖွင့်လှစ်နိုင်ရေး ကျပ်ငွေသိန်း ၈၀ ခန့် ဖြည့်ဆည်းပေးကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ၁၃-၁-၂၀၀၂ ရက်စွဲမှာ ဖွင့်လှစ်ပေးခဲ့ခြင်း၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးရုံကိုဝင်းနှင့်အရာမ်နှင့် တင့်တယ်သပ်ရပ်လာအောင် ပြုပြင်စေလျက် ဓာတ်မှန်ဆောင်ဆောက်လုပ်စေကာ ဓာတ်မှန်တပ်ဆင်စေခြင်း အလျားပေ ၁၂၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၉ ပေရှိ တိုးချဲ့လူနာဆောင် နှစ်ထပ်အဆောက်အအုံသစ် ဆောက်လုပ်စေခြင်း၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်များတိုးချဲ့စေခြင်းတို့ဖြင့် ဖြည့်ဆည်းပေးခြင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ ပင်လယ်ရေငန် တိုးဝင်လာခြင်းကြောင့် မိုးရာသီဝယ်လယ်ယာများ ရေမြုပ်မှုမှ ကာကွယ်ပြီး နွေရာသီတွင် နွေစပါးအောင်ရေ အပြည့်အဝပေးနိုင်ရန် ရည်ရွယ်လျက် လယ်မြေဧရိယာဧက ၂၁၄၀၀အကျိုးပြုပေးမည့် ကွမ်းခြံကုန်း ရေထိန်းတံခါးကြီးကို ကုန်ကျငွေကျပ်သိန်းပေါင်း ၁၈၅၀ ကျော် အကုန်အကျခံတည်ဆောက်ပေးထားခြင်း၊ ထို့အတူ မြို့နယ်လုံးခြုံကာ တော်ခရမ်းကြီး ရေထိန်းတံခါး၊ ခလောက်တရာ ရေထိန်းတံခါး၊ ကမာကလွန်းရေထိန်းတံခါး၊ ဝါးကောက်တော ရေထိန်းတံခါး၊ ဒေးဒနော‌ရေထိန်းတံခါး စသည်များ တည်ဆောက်ပေးကာ လယ်ဧက ၉၉၃၀ ကို ထပ်မံအကျိုးပြုစေခြင်း၊ မြို့နယ်လုံခြုံကာ ရေနုတ်မြောင်းပေါင်း ၂၂ မြောင်း၊ စုစုပေါင်းအလျားမိုင် ၄၅ ဒသမ ၁၅ မိုင်အထိ ဖောက်လုပ်ပေးခြင်းဖြင့် လယ်ဧက ၃၀၆၂၈ ကို နွေစပါးအဖြစ်အကျိုးပြု ပေးလျက်ရှိခြင်းတို့ကြောင့် ကွမ်းခြံကုန်းမြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးနိုးထလှုပ်ရှား သန်မာထွားလာခဲ့ရပါ၏။

ယင်းသို့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး ဘက်စုံတိုးတက်လာသလို ကွမ်းခြံကုန်းမြို့နယ် ဘာသာရေး၊ သာသနာရေးများလည်း ရေးယခင်ထက် ဆတက်ကဲသာ ထွန်းလင်းလာပါလေတော့၏။

(င)

ဤအရှင်တို့၏ ငယ်ဆရာကျောင်းဖြစ်သော ဓမ္မိကာရုံကျောင်းသည် ခေတ်၏ဖွံ့ဖြိုးမှုနှင့်အတူ စာသင်တိုက်ကြီးအဖြစ် ထီးထီးမားမား ငွားငွားစွင့်စွင့် ပွင့်ပွင့်ဝေဝေ ကျက်သရေဆောင် သာသနိက အဆောက်အအုံကြီး ဖြစ်လာခဲ့၏။ ကျောင်းမုခ်ဦးနှင့်တကွ မဟာရာမ်တံတိုင်းဖြစ်ထွန်းလာခြင်း၊ ယခင်ကျောင်းအိုကျောင်းဟောင်းကြီးများမှ သံကူကွန်ကရစ်တိုက်သစ်ကြီးများ ဖြစ်ထွန်းလာခြင်း၊ ယခင်သံဃာဆယ်ဂဏန်းမှ ယခုသံဃာရာဂဏန်းအထိ တိုးပွားလာခြင်းတို့သည် တကယ်ပင် မုဒိတာ၏အာရုံများ ဖြစ်လျက်ရှိပါ၏။

ထိုဓမ္မိကာရုံကျောင်းတိုက်ကြီး၏ အာဒိနိမ္မိတဆရာတော်မှာ လယ်တီဆရာတော်ကြီး၏တပည့်ရင်း လယ်တီ-ဦးသုရိန္ဒဖြစ်၏။ ဒုတိယဆရာတော်မှာလည်း လယ်တီအနွယ်တော်ဖြစ်၍ လယ်တီ ဦးကောသလ္လဟု ကျော်ကြား၏။ ဓမ္မကထိက ဖြစ်သည့်ပြင် ကျမ်းပြုဆရာတော်လည်း ဖြစ်သဖြင့် 'ကမ္ဘာ့ရေချမ်းအိုးကြီး' 'ဝိဇ္ဇာအလင်းရောင်' 'နိဗ္ဗာန်လက်ဆောင်' ကျမ်းစာများရေးသားထုတ်ဝေခဲ့၏။ တတိယဆရာတော်မှာလည်း လယ်တီအနွယ်ဝင်ဖြစ်၍ လယ်တီဦးစာရိန္ဒဟု ဘွဲ့အမည်တွင်ခဲ့၏။ ထိုဆရာတော်မှာ ဤအရှင်တို့၏ ခမည်းတော်နှင့် နောင်ညီတော်စပ်ပြီး ဤအရှင်တို့အား သာသနာ့ဘောင်တွင်း သွင်းပေးခဲ့သည့် ဥပဇ္ဈယ်ဆရာတော်ဖြစ်ပါသည်။

ဂဃနဏမသိသေးသည့် ကလေးအရွယ် ဆယ်ကြိုသက်ကာလကပင် သင်္ကန်းဆီးခဲ့ရပြီး ကကြီးခကွေးအိမ်မပြေး သင်ခဲ့ရလျက် လယ်တီအနွယ်ကျောင်းပီပီ စာအုပ်၊စာပေများအုံလိုက်ကျင်းလိုက်ရှိနေရာ ထိုထိုစာအုပ်ပုံကြားထဲ၌ ပျော်နေရင်း နားလည်လည်၊မလည်လည် စာအုပ်တွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေကို တစ်ရွက်ပြီးတစ်ရွက်၊ တစ်အုပ်ပြီးတစ်အုပ် ဖတ်နေရခြင်း၌ မွေ့လျော်ခြင်းဖြင့် စာဗီဇအညှောက်အညွန့် လူးလွန့်ခဲ့ပုံ ငယ်ဘဝခပ်ဝါးဝါး ဝေဝါးဝါး ပြန်မြင်နေမိပါသည်။

ထိုမှ စာပေဝါသနာအပင်ကြီး ထီးထီးပေါက်လာသောအခါ စာဖတ်ခြင်းမျက်လုံးမှ စာရေးခြင်းလက်သို့ စာဝါသနာစီးဆင်းလာကာ ဟိုရေး၊သည်ရေး ရေးတတ်လာခြင်းမှတစ်ဆင့် များများဖတ်လေ များများရေးလေ ဖြစ်လာပြီး နောင်သော် အပျော်ဖတ်၊ အတော်ဖတ်၊ အပျင်းပြေဖတ်၊ အလင်းဖွေဖတ်၊ခဏဖတ်၊ ထာဝရဖတ်၊ အပြေးဖတ်၊ အနှေးဖတ်၊ အတွေးဖတ်၊ ဖတ်ပြီးဖယ်ထား၊ ဖတ်ပြီးသိမ်းထား စသည့် ဖတ်နည်းတစ်ရာတို့ဖြင့် ဖတ်တတ်လာသလို ကဗျာတိုရေး၊ စာတိုရေး၊ အပျော်ရေး၊ အတော်ရေး၊ ရေးချင်တာရေး၊ ရေးသင့်တာရေး၊ ဝေဒနာရေး၊ စေတနာရေး စသည့် ရေးနည်းတစ်ရာတို့ကိုပါ ကျွမ်းကျင်လာနိုင်ကြောင်း သိလာရလေ၏။

ဤတွင် ဘာကလောင်လဲ၊ ဘာမင်ရောင်လဲ၊ အတ္တဗဟိုပြု ကလောင်လား၊ ပရဗဟိုပြုကလောင်လား၊ အမျိုးဘာသာ သာသနာအတွက်လား၊ အမျိုးဘာသာ သာသနာအဖျက်လားဟု ပိုင်းခြားဆုံးဖြတ်လာနိုင်သလို အဖျက်သဘောကျောပေး၊ အပြုသဘောပိုက်ထွေး၊ အဆိုးမြင်ဝါဒကြဉ်ရှောင်၊ အကောင်းမြင်ဝါဒကျင့်ဆောင်နိုင်ခြင်းဖြင့် လောက၏ချိုမြိန်ရသကို စာဝါသနာက ပေးဆောင်နှင်းအပ်လေ့ရှိကြောင်း သိလာရလေ၏။ တစ်ခုတော့ပြောဖို့ရှိ၏၊ စာဝါသနာကောင်းမှာ စေတနာကောင်းပေါင်းပေးပါဟု ဖြစ်၏။

ယင်းသို့သော အသိအမြင်၊ အတွေးအခေါ်၊ အဖတ်အရှု၊အရေးအသားတို့ကို မျိုးစေ့ချပေးသည့် ငယ်ဆရာနတ်ထီးစံသောအခါ စတုတ္ထကျောင်းထိုင်ဆရာတော်ဖြစ်လာသော ရဟန်းမှာ ဦးဝိသုဒ္ဓဖြစ်၏။ ထိုဆရာတော် ဦးဝိသုဒ္ဓလက်ထက်နှစ်၃၀(၁၉၇၀-၂၀၀၀) ကာလအတွင်း အလျား၅၄ ပေ၊ အနံ၃၆ ပေရှိ နှစ်ထပ်ဓမ္မာရုံတိုက်နှင့် အလျား ၆၃ ပေ၊ အနံ ၄၅ ပေရှိ စာသင်သားတိုက်တို့ကို စေတနာရှင်များဖြစ်ကြသော ဒေါ်ရှု၊ ဒေါ်အမာ၊ ဒေါ်သိန်းညွန့်၊ ဦးခင်မောင်ဦး၊ ဦးထွန်းရည်၊ ဒေါ်ဝင်းကြိုင်၊ ဒေါ်နွဲ့နွဲ့ယဉ်စသည့် ဒါယကာ ဒါယိကာမတို့နှင့်အတူ ဆရာဒကာညီညွတ်စွာ ပေါင်းစည်းနိုင်ခြင်းဖြင့် စာသင်သားများ အနေချမ်းသာခြင်း ရရှိခဲ့ကြပါကုန်၏။

ဤတွင် ၁၉၈၇ ခုနှစ်၌ ရေစက်ချခဲ့သော ဓမ္မာရုံတိုက်နှင့် ၁၉၉၇ခုနှစ်၌ ရေစက်ချခဲ့သော စာသင်သားတိုက်တို့က ခေတ်နှစ်ခေတ်ကို ပြောပြနေကြောင်း မှတ်တမ်းတင်သင့်၏။

ပထမတိုက်ကို ၁၉၇၃ခုနှစ်၌ စတင်ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်ချိန် ၁၄ နှစ်ကြာမှ ပြီးစီးနိုင်ခဲ့၏။ ဒုတိယတိုက်ကို ၁၉၉၅ခုနှစ်၌ စတင်ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်ချိန် နှစ်နှစ်မျှဖြင့် ပြီးစီးအောင်မြင်ခဲ့၏။ ခေတ်နှစ်ခေတ်၏ ကျဉ်းကျပ်ခြင်းနှင့် ကျယ်ပြောခြင်း၊ နိမ့်ပါးခြင်းနှင့် ထွန်းကားခြင်းတို့ကိုသက်မဲ့အဆောက်အအုံများက သက်သေစကား ဆိုနေလေပြီ။

၂၀၀၀ ပြည့်နှစ်တွင် ထိုဆရာတော် ဦးဝိသုဒ္ဓ နတ်ထီးစံသောအခါ ထိုစဉ်က စာချဘုန်းကြီးဖြစ်သော ဘဒ္ဒန္တ ဇဝနတိက္ခ(ဓမ္မာစရိယ)ကို ကျောင်းထိုင်ဆရာတော်အဖြစ် တပည့်အပေါင်းက တင်မြှောက်ခဲ့ရာ ယင်းဆရာတော်လက်ထက်တွင် အချိန်တိုအတွင်း အရှိန်ပြင်းပြင်းဖြင့် ထင်းထင်းကြီးပေါ်ထွန်းလာသည့် သာသနိက အဆောက်အအုံတစ်ခုမှာ သုံးထပ်အမြင့် လယ်တီပိဋကတ်တိုက်ကြီးဖြစ်ပါ၏။ဇဝန(လျင်မြန်)တိက္ခ(ထက်မြက်)ဟူသော ဘွဲ့နာမ အနွတ္ထသညာ ကြောင့်လော မပြောတတ်။ ဆရာတော် ဘဒ္ဒန္တဇဝနတိက္ခ လက်ထက်တွင် အချိန်တိုအတွင်း လျင်မြန်စွာ တိုးတက်လာအောင် ထက်မြက်စွာ ဆောင်ရွက် နိုင်ခြင်းကြောင့် သံဃာရာကျော် ပျော်ကြီးပျော်သည့် ကျောင်းတော်ကြီးအဖြစ် ဓမ္မိကာရုံစာသင်တိုက်သည် တိမ်လွှာမိုးထိ ငြိတော့၏။

တစ်ဆက်တည်း ကွမ်းခြံကုန်းမြို့ သာသနာရေးတောက်ပလာပုံ ဆက်လက်ရေးသားရလျှင် မစိုးရိမ်ပရိယတ္တိစာသင်တိုက်နှင့် ရွှေကျင်(ကြား)ကျောင်းပရိယတ္တိစာသင်တိုက်တို့ကို ရွှေလက်ညှိုးညွှန်ရပါမည်။ မစိုးရိမ်ပရိယတ္တိ စာသင်တိုက်၏ အာဒိနိမ္မိတ မူလဆရာတော်မှာ ဘဒ္ဒန္တ သုမန(သီရိပဝရ ဓမ္မာစရိယ) ဖြစ်၏။ ဖြစ်စဉ်ကို ကမ္ဘည်းတင်ရလျှင်၁၃၁၂-၁၃၁၃(၁၉၅၀-၁၉၅၁)ကာလများ၌ ကွမ်းခြံကုန်းမြို့နယ် တစ်နယ်လုံး လက်နက်ကိုင်သောင်းကျန်းသူ အန္တရာယ်များဖြစ်ပွားနေသောကြောင့် နေမြဲကျေးရွာများ၌ ဆက်လက်နေထိုင်ရန် အခြေအနေမပေးတော့၍ ကွမ်းခြံကုန်းမြို့ပေါ်သို့ တက်ပြေးလာကြသည့် ပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသား ရဟန်းရှင်လူ အများထဲမှာ တော်ကူးကြီးရွာကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုမနနှင့် တပည့်ရဟန်း သာမဏေအချို့ပါဝင်ခဲ့၏။

စာမျက်နှာ (၁၁) ကော်လံ (၁) သို့



မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ ဦးမြင့်သန်း(ညွှန်ကြားရေးမှူး၊တည်ဆောက်ရေး-၈)က မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်ပတ်သက်၍ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် အကျိုးသက်ရောက်မှုများကို မြန်မာ့အလင်းသို့ ရှင်းပြနေစဉ်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

❍ ကျောဖုံးမှ

(၂/၉၃)မှ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်အရ စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှာ မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာ အောက်ပုံရွာနှင့်သရမ်ကိုင်းကျေးရွာအကြားတွင်တည်ရှိ၍ မကွေးမှ စလင်းမြို့နယ်အထိမြေပြန့်လမ်းဖြင့် သွားလာနိုင်ပြီး ကန်ပြားကျေးရွာမှ အထက်တွင် တောင်ပေါ်လမ်းများမှ သွားလာရခြင်းကြောင့် သွားလာရေး မလွယ်ကူဘဲရှိသည်။ အထူးသဖြင့် မိုးရာသီတွင် သွားလာရေးခက်ခဲခြင်းတို့ကြောင့် စီမံကိန်းပစ္စည်းများ မုန်းချောင်းတမံ စီမံကိန်းသို့ သယ်ယူရေးတွင် ကြန့်ကြာမှုများဖြင့် ကြုံတွေ့ခဲ့ကြရသည်။

အထူးသဖြင့် မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် စက်ယန္တရားကြီးများ၏ စွမ်းအားကို အသုံးပြု၍ တည်ဆောက်ရခြင်းဖြစ်သည့် အားလျော်စွာ စက်သုံးဆီ သယ်ယူပို့ဆောင်ရေး အခက်အခဲ၊ လမ်းပန်းအဆက်အသွယ် အခက်အခဲများရှိခဲ့သည်။

ထူးခြားချက်

မုန်းချောင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းသည် အခြားဆည်များနှင့် မတူဘဲ မြန်မာနိုင်ငံတွင် ပထမဆုံး သံကူကွန်ကရစ်အစား ပလတ်စတစ် ကွန်ကရစ်ကို မြေအောက်ဘက် အနက် ၃၇ပေမှ ပေ ၆၀ အထိ တူး၍ ဘိလပ်မြေနှင့် ဗင်တနိုက်ကို ဖျော်၍ ပလတ်စတစ်ရေစိမ့်တားနံရံကို ထည့်သွင်းခြင်းဖြင့် တမံအောက်မှ ရေစိမ့်ထွက်ခြင်းမရှိစေရန် တည်ဆောက်ထားခြင်းသည် အခြားသော ဆည်များနှင့်မတူဘဲ ထူးခြားချက်တစ်ရပ်ဖြစ်သည်။

မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ဒုတိယထူးခြားချက်မှာ မြန်မာအင်ဂျင်နီယာများဖြင့် စက်မောင်းခြင်း၊ မိုင်းခွဲ၊ ကွန်ကရစ်လောင်းခြင်းဖြင့် မြန်မာနိုင်ငံတွင် ကျောက်သားညှံ့သော တောင်ကြောတစ်လျှောက် အရွယ်အစားအကြီးဆုံး ရေလွှဲဆည်လိုဏ်နှင့် ရေအားလျှပ်စစ် ဥမင်လိုဏ် ဒီဇိုင်းပုံစံများကို ဆည်မြောင်း မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် ထုတ်လုပ်ကြပြီး အောင်မြင်စွာ ဥမင်လိုဏ် ဖောက်လုပ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

မုန်းချောင်းရေလှောင်တမံ၏ လိုဏ်ခေါင်းအချင်းမှာ ၃၇ ဒသမ ၄ ပေရှိပြီး အရှည်မှာ ၃၆၂၅ပေရှိပြီး အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့သည်။

မုန်းချောင်း ရေလှောင်တမံ စီမံကိန်းရေလွှဲဥမင်လိုဏ်မှာ မြန်မာနိုင်ငံတွင် အကြီးဆုံး ဥမင်လိုဏ်ဖြစ်ပြီး ယင်းလုပ်ငန်းကို ၁၉၉၇ ခုနှစ်ဇန်နဝါရီလ၌ စတင်ပြီး အဝင်/အထွက်တို့မှ အပေါ်ပိုင်း (Top Heading) ဖောက်လုပ်ခဲ့၍ ၁၉၉၈ခုနှစ်ဖေဖော်ဝါရီ ၈ ရက်တွင် တိုးလျှိုပေါက်ဖောက်ခဲ့သည်။ ဥမင်လိုဏ် အောက်ခြမ်းအဆင့်(၁)ကို ၂၂-၇-၂၀၀၂ တွင်လည်းကောင်း၊ ဥမင်လိုဏ်အောက်ခြမ်းအဆင့်(၂) ကို ၃၀-၈-၂၀၀၂ တွင်လည်းကောင်း၊ ဘေးနံရံ ကွန်ကရစ်လုပ်ငန်းကို ၉-၁၁-၂၀၀၂ တွင်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့သည်။

ရေလွှဲနိုင်ခဲ့

ရေလွှဲဥမင်လိုဏ်လုပ်ငန်းရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ တမံချောင်းပိုင်းဆောင်ရွက်နိုင်ရန် ယာယီရေတားတမံ(၁)ကို တည်ဆောက်၍ ၂၃-၁၁-၂၀၀၂တွင် အောင်မြင်စွာ ရေလွှဲနိုင်ခဲ့သည်။ လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ယာယီရေတားတမံ(၂) ကို ၁၁-၂-၂၀၀၃ ရက်တွင် အပြီးပိတ်နိုင်ပြီး တမံချောင်းပိုင်းမြေဖို့ခြင်း လုပ်ငန်းကို ၁၂-၂-၂၀၀၃မှစတင်ပြီး နေ့ရောညပါ အဆိုင်းများခွဲ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ မုန်းချောင်းရေလှောင်တမံတွင် ရေများဖွေးဖွေးဖြင့် လှပတင့်တယ်စွာ မြင်တွေ့နေရပြီဖြစ်သည်။

မုန်းချောင်း ရေလှောင်တမံတွင် ရေအားလျှပ်စစ် လုပ်ငန်းအတွက် ဖိအားမြှင့်ပြွန်များ ထည့်သွင်းရန် ဥမင်လိုဏ်(၃) ခုကို ဆည်မြောင်းဌာနမှ ဖောက်လုပ်ပေးရသည့် အလျောက် ဖိအားမြှင့်ပြွန်၏ အချင်းမှာ ၁၄ ပေဖြစ်သည်၊ ၂၈၄ပေအရှည်ရှိသော ဖိအားမြှင့် ဥမင်လိုဏ်(၁)ကို ၂၉-၁၂-၂၀၀၁တွင် စတင်ဖောက်လုပ်၍ ၂၃-၈-၂၀၀၂တွင် ပြီးစီးခဲ့သည်။ ပြီးစီးခဲ့သော ဖိအားမြှင့်ဥမင်လိုဏ်အတွင်းသို့ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဖိအားမြှင့်ပြွန်များ တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့် ကွန်ကရစ်လုပ်ငန်း ဆက်လက်ဆောင်ရွက်ခဲ့ရာ ပြီးစီးနေပြီဖြစ်သည်။

သံမဏိပိုက်တပ်ဆင်

၃၁၇ပေအရှည်ရှိသော ဖိအားမြှင့်လိုဏ်ဂူအမှတ်(၂)ကို ၂၀-၁၂-၂၀၀၁ ရက်တွင် စတင်ဖောက်လုပ်ခဲ့ရာ ၁-၇-၂၀၀၂တွင် ပြီးစီးခဲ့ပြီဖြစ်၍ ရေအားလျှပ်စစ်ဦးစီးဌာနမှ သံမဏိပိုက်များ တပ်ဆင်သည်။ အရှည်၃၃၈ပေရှိသော ဖိအားမြှင့်ဥမင်လိုဏ်အမှတ်(၃)ကို ၂၈-၁၂-၂၀၀၁တွင် စတင်တူးဖော်ခဲ့ရာ ၂၇-၉-၂၀၀၂တွင်ပြီးစီးခဲ့သည်။ ဖိအားမြှင့်ဥမင်လိုဏ်အတွင်းသို့ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဖိအားမြှင့်ပြွန်များ တပ်ဆင်ခဲ့ပြီး ဒုတိယအဆင့် ကွန်ကရစ်လုပ်ငန်း ဆက်လက်ဆောင်ရွက်ခဲ့ရာ ပြီးစီးပြီဖြစ်သည်။

အချင်း၈၇ပေနှင့်အနက်၂၂၂ပေရှိသည့် ဖိအားလျှော့ ရေလှုံ့ထိန်းစည် တည်ဆောက်ခြင်း လုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းစဉ်လေးခုဖြင့် တည်ဆောက်ခဲ့သည်။ လုပ်ငန်းစဉ်(၁)အချင်း၁၃ပေရှိ ရှေ့ပြေးစမ်းသပ်ကျင်းတူးဖော်ခြင်း၊ (၂)အချင်း၄၅ပေ အတွင်းပိုင်းရရှိအောင် ချဲ့ထွင်တူးဖော်ခြင်း၊ (၃) အချင်း၈၇ပေရရှိအောင် ချဲ့ထွင်တူးဖော်ခြင်း၊ (၄)ဒုတိယဆင့်လိုင်နင်ကွန်ကရစ်လောင်းခြင်းများကို ခက်ခဲစွာဆောင်ရွက်ကြရာ လုပ်ငန်းစဉ်(၃)ဖြစ်သည့် ၈၇ပေရရှိအောင် ချဲ့ထွင်ခြင်းလုပ်ငန်းကို ၂၇-၁၀-၂၀၀၃ တွင်ပြီးစီးခဲ့ပြီဖြစ်၍ အဆင့်(၄)လိုင်နင်ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရေတံခါးပိတ်

ရေလွှဲဥမင်လိုဏ် ရေတံခါးအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၃ခုနှစ် နိုဝင်ဘာ၁၇ ရက်တွင် ပြီးစီးသွားသောကြောင့် ရေလွှဲဥမင် ရေတံခါးကိုပိတ်ပြီး ရေလွှဲဥမင်လိုဏ်အတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့်ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ရေအားလျှပ်စစ် ဥမင်လိုဏ် အရှေ့ဘက် ရေယူအဆောက်အအုံကို တည် ဆောက်ခဲ့ရာ ၃၀-၉-၂၀၀၃ ရက်တွင် ပြီးစီးခဲ့၍ ရေအားလျှပ်စစ်ဦးစီးဌာနမှ စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ရာနှုန်း ပြည့်ပြီးစီးပြီဖြစ်သည်။ ရေလွှဲဥမင်လိုဏ် ရေတံခါးမပိတ်မီ ရေအားလျှပ်စစ် ဥမင်လိုဏ်အဝင် ရေတံခါးနှစ်ချပ်ကို ကြိုတင်ပိတ်ခဲ့သည်ဟု သိရသည်။

မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုလုပ်မီက မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ၁၉၁၀ခုနှစ်က မဲဇလီရေလွှဲဆည်ကို တည်ဆောက်ခဲ့သည်။ အဆိုပါရေလွှဲဆည်မှ မြောက်မုန်းတူးမြောင်းနှင့် တောင်မုန်းတူးမြောင်းဟူ၍ မြောင်းမကြီး နှစ်ခုနှင့် လက်တံမြောင်းများ ဖောက်လုပ်ခဲ့၍ ပွင့်ဖြူမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် စလင်းမြို့နယ်များရှိ လယ်မြေများသို့ စိုက်ပျိုးရေးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။

ရေပေးဝေနိုင်ခဲ့

မြောက်မုန်းတူးမြောင်းမှ ရေသောက်ဧက ၅၅၂၀၈နှင့် တောင်မုန်းတူးမြောင်းမှ ရေသောက်ဧက ၄၁၅၆၉ စုစုပေါင်း ၉၆၇၇၇ ဧကကို ရေပေးဝေနိုင်ခဲ့သည်။ မြို့နယ်အလိုက် ရေပေးနိုင်မှု အကျိုးပြုဧကမှာ ပွင့်ဖြူမြို့နယ်တွင် ၇၃၂၄၉ ဧက၊ မင်းဘူးမြို့နယ်တွင် ၆၈၂၇ ဧက၊ စလင်းမြို့နယ်တွင် ၁၆၇၀၁ ဧက တို့ ဖြစ်သည်။ ရေလွှဲဆည်စနစ်ဖြင့်ရေပေးဝေရခြင်းဖြစ်၍ မုန်းချောင်း ရေစီးရေလာ ကောင်းမွန်သော မိုးတွင်းကာလများတွင်သာ မိုးစပါးသီးနှံများကို ရေလုံလောက်အောင် ပေးနိုင်ခဲ့သည်။ နွေစပါးအနေဖြင့် နှစ်စဉ်ဧက ၁၈၀၀၀ မှ ၁၉၀၀၀ ဧကခန့်သာ သီးထပ်စိုက်ပျိုးနိုင်ခဲ့သည်။

သီးထပ်စွမ်းအား

ထို့ကြောင့် မဲဇလီရေလွှဲဆည်၏ အထက်ဘက်တွင် ရေလှောင်တမံတစ်ခုထပ်မံတည်ဆောက်နိုင်ပါက စီးဆင်းလာသောရေကို အတိုင်းအတာတစ်ခု အထိ သိုလှောင်နိုင်ပြီး သိုလှောင်ရေကို မဲဇလီရေလွှဲဆည်သို့ ထိန်း၍ လွှတ်ပေးလျှင် မိုးစပါး ဖြည့်စွက်ရေနှင့် သီးထပ်သီးနှံများဖြစ်သည့် နွေစပါးနှင့် အခြားသီးနှံများအတွက် ရေပိုမိုပေးဝေနိုင်ပြီး သီးထပ်စွမ်းအားကို မြှင့်တင်ပေးနိုင်မည့် အကျိုးကို မျှော်ကိုး၍ မုန်းချောင်းရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ မုန်းချောင်းတမံကို မုန်းချောင်းကိုပိတ်၍ တည်ဆောက်ခြင်းဖြစ်ပြီး ရေဆင်းဧရိယာသည် ၁၄၆၈ စတုရန်းမိုင် ရှိသည်။ မုန်းချောင်းဒေသတွင် နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၄၄ လက်မ ရွာသွန်း၍ နှစ်စဉ်ပျမ်းမျှစီးဝင်ရေသည် ၃ ဒသမ ၅ သန်း ဧကပေရှိသည်။

တမံအမျိုးအစားမှာ ဇုန်အမျိုးအစား မြေသားတမံဖြစ်၍ တမံအမြင့်မှာ ပေ ၂၀၀ ရှိပြီး တမံအလျားသည် ၆၄၉၈ ပေရှိရာ ကုန်းကြောတမံ(၁)သည် ပေ ၆၄၉၀၊ ကုန်းကြောတမံ(၂)သည် ပေ ၁၄၃၀၊ ပင်မတမံသည် ပေ ၄၃၂၀ ဖြစ်သည်။

မုန်းချောင်း ရေလှောင်တမံ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၆၇၄၄၀၀ ရှိမည်ဖြစ်ပြီး ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၁၁၀၀၀၀ နှင့် ကန်ရေပြည့် ရေပြင် ကျယ်ဧရိယာမှာ ဧက ပေ ၁၀၆၂၀ ရှိ မည်ဖြစ်သည်။

ရေအားလျှပ်စစ်

ရေအားလျှပ်စစ်ဆိုင်ရာ တည်ဆောက်ခြင်းလုပ်ငန်းအရ ၂၅ မဂ္ဂါဝပ်တာဘိုင် သုံးလုံးဖြင့် နှစ်စဉ် ရေအားလျှပ်စစ်ထုတ်မှု ကီလိုဝပ်နာရီသန်းပေါင်း၃၃၀ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သိုလှောင်နိုင်သော ရေဧကပေ ထက် ကျော်လွန်လာသော ရေများကို သံအား ဖြည့်ကွန်ကရစ် ရေပိုလွှဲမှ ရေများလွှဲ ထုတ်မည်ဖြစ်ပြီး ရေပိုလွှဲ အကျယ်မှာ ပေ ၃၅၀ ရှိ၍ ရေပိုလွှဲ ရေထုစီးနှုန်းသည် ကုဗပေ/စက္ကန့် ၁၄၉၁၃၀ရှိ မည်ဖြစ်သည်။

မုန်းချောင်း ရေလှောင်တမံ စီမံကိန်းပြီးစီးလျှင် ဆည်ရေပေးဝေနိုင်မည့် ဧရိယာဧကမှာ ၁၀၈၀၀၀ ဖြစ်သည့်အပြင် မိုးစပါး ဖြည့်စွက်ရေအလုံအလောက် ပေးနိုင်မည်ဖြစ်ခြင်း၊ သီးထပ်အဖြစ် နွေစပါးကို မူလဧက ၁၈၀၀၀ မှ ဧက ၆၀၀၀၀ အထိ တိုးမြှင့်စိုက်ပျိုးနိုင်ခြင်း၊ မုန်းချောင်း ဘေးပတ်ဝန်းကျင် ရွာများ စိုက်ပျိုးမြေများ ရေနစ်မြုပ်မည့်ဘေးမှ ကာကွယ်နိုင်ခြင်းနှင့် တစ်နှစ်ပျမ်းမျှ ကီလိုဝပ်သန်း ၃၃၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ကြိုတင်သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်း၌ ၅၅ရာခိုင်နှုန်းပြီးစီးနေသော ရေပိုလွှဲအပိုင်း(၂)နှင့် ရာနှုန်းပြည့်ပြီးစီးနေသော ရေပိုလွှဲအပိုင်း(၁) တို့ကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)



စာမျက်နှာ (၁၀) ဆောင်းပါးမှအဆက်

မြို့ပေါ်တက်ပြေးလာရသည့်တိုင် မြို့ခံဒကာ၊ ဒကာမ အသိအကျွမ်းသုံးလေးဦးမျှသာရှိသဖြင့် ဆရာတော်သည် ဇရပ်ဟောင်း(ဒေါ်မေကြီးဇရပ်) ထဲ သီတင်းသုံးရ၏။ အပန်းခံ၊ အန္တမ်းခံ၊ အဆင်းရဲခံ၊ လောကခံကို ကြံ့ကြံ့ခံရင်း စာသင်တိုက်တစ်တိုက်အဖြစ် ဖြစ်ထွန်းလာအောင် ကြိုးပမ်းခဲ့ရာဝယ် မစိုးရိမ်ပရိယတ္တိစာသင်တိုက်ဟူသော နာမသစ်ဖြင့် ပရိယတ်ဂုဏ်ဆောင် တပည့်များစွာ မွေးထုတ်နိုင်ပြီး ၁၃၄၂ ခုနှစ်၌ နတ်ထီးစံတော်မူသောအခါ တပည့်ရင်းများဖြစ်သည့် ဒုတိယဆရာတော် ဘဒ္ဒန္တနိမ္မလဉာဏနှင့် ယခု တတိယဆရာတော် ဘဒ္ဒန္တစန္ဒောဘိ (မွှာစရိယ)တို့က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသည့်အပြင် တိုးတက်ထွန်းတောက်အောင်ပါ ဆောင်ရွက်နိုင်ခဲ့ကြသောကြောင့် ယနေ့သော် တိုက်ကျောင်းအဆောင်ဆောင် ဂုဏ်ရောင်ဝင့်မြူး မုခ်ဦးတံတိုင်းပြိုင်းရရိုင်း ကြွားရရွားတိုးပွားလက်ဖြာ သံဃာရာချီ ဝေစည် သိုက်မြိုက် စာသင်တိုက်ကြီး တစ်တိုက်အဖြစ် ထွန်းသစ်တည်နေလေပြီ။

ထိုစာသင်တိုက်ကြီးနှစ်တိုက်အပြင် ၁၉၉၀ပြည့်နှစ်၌ နဂိုမူလကြားကျောင်း(ဂျားကျောင်း)ခေါ် ကျောင်းဟောင်းကို လက်ခံရရှိရာမှ စာသင်တိုက်အဖြစ် ထွန်းသစ်လာအောင် ဖွဲ့ဆောင်မာန်ထား လုံ့လပွားကြိုးစားနိုင်ခြင်းကြောင့် ယနေ့သော် နှစ်ထပ်တိုက်သိမ်တော်၊ နှစ်ထပ်တိုက်ဆွမ်းစားဆောင်၊ သာသနာလင်္ကာရဓမ္မာရုံကြီးတို့ဖြင့် ထီးထီးမားမား ဝင့်ဝင့်ကြွားမြင့်မားလာကာ စာသင်သားရာကျော် စာနှင့်ပျော်သည့် တိုက်တော်ကြီးဖြစ်လာလျက်ရှိ၏။ ယင်းသို့ ဖြစ်ထွန်းလာအောင် ဦးဆောင်ကြိုးပမ်းသောရဟန်းတော်မှာ ယခင်က မစိုးရိမ် ပရိယတ္တိစာသင်တိုက်၌ စာချဘုန်းကြီးအဖြစ် ပရိယတ်တာဝန် အားသွန်နေစဉ် ကြားကျောင်း ကျောင်းထိုင်ဆရာတော်ဟောင်း၏ စီမံမှုအရ ယင်းကျောင်းကို လက်ခံရရှိပြီး ကြီးမားသောဥဿာဟ တက်ကြွသောဇွဲလုံ့လ သာသနာ့စိတ်ဓာတ် ပုံထင်ဟပ်သည့် ဘဒ္ဒန္တပညာဝရဖြစ်ကြောင်း သိရှိရ၏။

သို့ဖြင့် ကွမ်းခြံကုန်းမြို့နယ်သည် ယနေ့နိုင်ငံတော်အစိုးရလက်ထက်၌ ဘာသာရေး သာသနာရေး မမှေးမမှိန် ဝင်းဝင်းထိန်ရောင် ပြေးလာသလို မြို့ရေး၊ ပြရေး၊ ဒေသအရေးတို့တွင်လည်း ဖွေးဖွေးလက်တောက်ပလာသောကြောင့် **နိုးထရင်း ပြုံးလာသော ကွမ်းခြံကုန်းမြို့နယ်** အဖြစ် ကမ္ဗည်းသစ်တင်ခြင်းနှင့်အတူ ယင်းအပြုံးသည် သပြေအပြုံးလား၊ ခရေအပြုံးလား ခွဲခြားစိတ်ဖြာ ဆက်၍သုံးသပ်ပါဦးမည်။ ။

ကာကွယ်ရေးဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ်ဖြေဆို

ရန်ကုန် ဇွန် ၂

ကာကွယ်ရေးဝန်ကြီးဌာန ပထမလေးလပတ် စစ်သည်တော်ကျင့်ဝတ်ဖြေဆိုပွဲကို ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ကုန်းမြင့်သာခန်းမ၌ ကျင်းပသည်။

ဖြေဆိုပွဲ ကျင်းပရာသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ဖြေဆိုပွဲ တွင် ကာကွယ်ရေးဝန်ကြီးဌာနရုံးဌာန အသီးသီးမှ အရာရှိအဆင့် ၃၄ ဦး၊ အရာခံအဆင့် ၃၇ ဦး၊ အကြပ်အဆင့် ၆၉ ဦးနှင့် တပ်သားအဆင့် ၃၀ ပါဝင်ဖြေဆိုကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၆-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Inciatence of Texation (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅း၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၂၇)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် နှစ်မြွာအသည်း မိုက်ခဲညီနောင်"** (အပိုင်း-၁)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ လူငယ်လူရွယ်အကျိုးဆောင်များ မွမ်းမံသင်တန်းဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် IPPF တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ရေးစီမံချက်၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လူငယ်လူရွယ် အကျိုးဆောင်များ မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအဆောက်အအုံ ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M-Assifi နှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်နာယကကြီးများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ငွေးနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ကြီးဌာန ခုခံကာလသားစီမံချက်မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်အကျိုးဆောင်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြော

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M-Assifi က အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မွမ်းမံသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများနှင့် MSI တို့မှ လူငယ်အကျိုးဆောင် ၄၀ တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇွန် ၆ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ASEAN Economic Co-operation ဆွေးနွေးပွဲကျင်းပ ပြန်ကြားရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂

ASEAN Information Seminar Series(Fy 2003-2004) စီမံကိန်းအရ ပြန်ကြားရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ˚ASEAN Information Seminar Series ကျင်းပရေး ကြီးကြပ်မှုကော်မတီကကျင်းပသည့် "ASEAN Economic Co-operation" ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ASEAN Information Seminar Series ကျင်းပရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အာဆီယံ အဖွဲ့ကြီးအတွင်းသို့ ဝင်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လည်းကောင်း၊ အာဆီယံမိတ်ဖက်နိုင်ငံများ (ASEAN Dialogue Partners) နှင့် လည်းကောင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဒေသကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်နေကြောင်း။

၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိကျင်းပခဲ့သည့် Second ASEAN Informal Summit တွင် အာဆီယံနိုင်ငံခေါင်းဆောင်ကြီးများက ASEAN Vision (2020) ရည်မှန်းချက်ကို ချမှတ်ခဲ့ကြောင်း၊ ယင်းရည်မှန်းချက် အကျဉ်းချုပ်မှာ လာမည့် ၂၀၂၀ ပြည့်နှစ်ကို ရောက်သည့်အခါ အာဆီယံအဖွဲ့ကြီးသည် အေးချမ်းသာယာ တည်ငြိမ်ကြွယ်ဝ တိုးတက်ပြီး ချမ်းမြေ့သော လူနေမှုအဖွဲ့အစည်းရှိသည့် နိုင်ငံများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းကြီး ဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖြစ်လာအောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဖြစ် Hanoi Plan of Actionကိုအကောင်အထည် ဖော်ရန်လည်း ချမှတ်ထားကြောင်း၊ ယင်းလုပ်ငန်းစဉ်အတွင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်းသော်လည်းကောင်း၊ ပြင်ပ နိုင်ငံများနှင့်သော်လည်းကောင်း စီးပွားရေး၊ လူမှုရေးဘက်စုံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ASEAN˚Vision˚(2020)၏ရည်မှန်းချက်များကို ထပ်ဆင့်အားဖြည့်သည့် အနေဖြင့် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ကျင်းပခဲ့သည့် 9th ASEAN Summit တွင် Bali Concord II Declaration ကို ကြေညာခဲ့ကြောင်း၊ ယင်းကြေညာချက်အရ ASEAN Security Community,˚ASEAN˚Economic Community နှင့် ASEAN Socio-Cultural Community သုံးခုကို ပင်မဒေါက်တိုင်များအဖြစ် ထားပြီး ငြိမ်းချမ်း၊ တည်ငြိမ်၊ ကြွယ်ဝသော အာဆီယံဒေသကြီးအဖြစ် တည်ထောင်သွားရန် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် Hanio Plan of Action ကို ဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် ခြောက်နှစ်စီမံကိန်းဖြစ်သည့် Vientiane Action Plan ကို ၂၀၀၄ ခုနှစ်က စပြီး ချမှတ် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

ရည်မှန်းချက်

အာဆီယံခေါင်းဆောင်ကြီးများ ချမှတ်ထားသည့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်မှာ နိုင်ငံတော်အစိုးရ အချင်းချင်းပူးပေါင်း ဆောင်ရွက်နေရုံနှင့် မလုံလောက်ဘဲ အာဆီယံနိုင်ငံသား အချင်းချင်းကလည်း တစ်ဦးကိုတစ်ဦး နားလည်ချစ်ကြည်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်မှာ အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်လာသည့်အတွက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN COCI) (ASEAN Committee on Culture and Information) က အာဆီယံအဖွဲ့အစည်းကြီး၏အကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်နေမှုများကို အာဆီယံနိုင်ငံများအတွင်း သိရှိစေရန် (ASEAN Awareness) ရရှိရန် နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုပြုလုပ်သော ASEAN Information Series စီမံကိန်းနှင့် ကျောင်းသားကျောင်းသူများအတွင်း အာဆီယံဗဟုသုတရရှိစေရန် ယှဉ်ပြိုင်စေသည့် ASEAN Quiz စီမံကိန်းတို့သည် ASEAN Awareness ရရှိစေရန် ပြုလုပ်သည့် ပြန်ကြားရေးဆိုင်ရာ စီမံကိန်းများဖြစ်၍ မြန်မာနိုင်ငံတွင် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဗဟုသုတပွားများ

ASEAN Information Seminar Series ဆွေးနွေးပွဲများကို ယမန်နှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်က ဆွေးနွေးပွဲသုံးခုစလုံးကို ရန်ကုန်မြို့ MICT Park ၌ ကျင်းပခဲ့ကြောင်း၊ ယခုနှစ် ASEAN Information Series ဆွေးနွေးပွဲများ ကျင်းပရာတွင် ရန်ကုန်မြို့၌သာမက မန္တလေးမြို့နှင့် ပတ်ဝန်းကျင်မှာရှိသည့် ပြည်သူများထံသို့ပါ တိုက်ရိုက် ဗဟုသုတ ဖြန့်ဖြူးနိုင်ရေးအတွက် ASEAN Information Seminar Series (Fy 2003-2004) စီမံကိန်း ဖွင့်ပွဲအခမ်းအနားနှင့် ယင်းစီမံကိန်း၏ ပထမဦးဆုံး ဆွေးနွေးပွဲဖြစ်သည့် "Understanding ASEAN" ကို မန္တလေးမြို့ Swan Hotel ၌ ဧပြီ ၂ ရက်က ကျင်းပပေးခဲ့ကြောင်း၊ ဒုတိယမြောက် ဆွေးနွေးပွဲဖြစ်သည့် "Integrating ASEAN's Newer Members" ဆွေးနွေးပွဲကို MICT PARK ၌ပင် မေ ၄ ရက်က ကျင်းပခဲ့ပြီး ဆွေးနွေးပွဲ နှစ်ခုစလုံးတွင် တက်ရောက်သူ ၁၀၀ ကျော် စီရှိခဲ့ကြောင်း၊ တက်ရောက်သူများက စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးခဲ့၍ အောင်မြင်သော ဆွေးနွေးပွဲများ ဖြစ်ခဲ့ကြောင်း၊ ယခု တတိယမြောက်နှင့် နောက်ဆုံးဆွေးနွေးပွဲဖြစ်သည့် ASEAN Economic Co-operationကိုယနေ့ ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပွဲနောက်ဆုံးတွင် တက်ရောက်လာကြသူများ သိလိုသည်များကို ပါဝင်ဆွေးနွေးမေးမြန်းနိုင်သည့် Penal Discussion ပြုလုပ်ပေးသွားမှာဖြစ်၍ တက်ရောက်လာသူများ အနေဖြင့် ဗဟုသုတများ ပွားများနိုင်ကြမည်ဟု ယုံကြည်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီက ဆွေးနွေးပွဲ ဦးဆောင်သူ အဖြစ် ASEAN Economic Community (AEC) ကို လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သီဟသူရ ဦးသိန်းထွန်းတင်က ASEAN Free Trade Area and Myanmar ကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဒေါက်တာ ဒေါ်ခင်အုန်းသန့်ကိုယ်စား National AFTA Unit မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက Establishing Free Trade Area with ASEAN Dialogue Partners ကို လည်းကောင်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအယ်လ်ဇော် ရှန်းက ASEAN Industrial Co-operation Scheme (AICO Scheme) ကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က ASEAN and Myanmar Tourism Development ကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က Future Key Role of Myanmar in ASEAN Energy Sector ကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက Current Status of ASEAN Co-operation in Transport ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

ဖာရိုးကျွန်းစုအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဇွန်၅ရက်တွင် ဟော်လန်က အိုင်ယာလန်နှင့် လည်းကောင်း၊အင်္ဂလန်က အိုက်စလန်နှင့် လည်းကောင်း နောက်ဆုံး ခြေစမ်းပွဲစဉ်များအဖြစ် အိမ်ကွင်း မိမိတို့ပရိသတ်ရှေ့မှောက်၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဇွန် ၃ ရက်တွင် ချစ်ကြည်ရေး ခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားကြ ဦးမည်ဖြစ်ရာ အုပ်စု(က)မှ ဂရိအသင်းက လက်ချင်စတိန်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇွန် ၅ရက်တွင် အိမ်ရှင်ပေါ်တူဂီနှင့်လစ်သူယေးနီးယား၊ စပိန်နှင့် အင်ဒိုရာ၊ ဒိန်းမတ်နှင့် ခရိုအေးရှား၊ ဆွီဒင်နှင့် ပိုလန်တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဇွန် ၆ရက်တွင် ခြေစမ်းပွဲ နောက်ဆုံးပွဲစဉ်များအဖြစ် လက်ရှိချန်ပီယံပြင်သစ်နှင့် ယူကရိန်း၊ ဆွစ်ဇာလန်နှင့် လက်ချင်စတိန်း၊ ချက်နှင့် အက်စတိုးနီးယား၊ဂျာမနီနှင့်ဟန်ဂေရီ၊ လတ်ဗီးယားနှင့် အဇာဘိုင်ဂျန်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အပြီးသတ်စာရင်း

ယူရို၂၀၀၄ ပြိုင်ပွဲကျင်းပရန် ၁၀ရက်သာလိုတော့ချိန်တွင် ဘောလုံးဝါသနာရှင်များစိတ်ဝင်တစားစောင့်မျှော်လျက်ရှိသည်မှာ ပြိုင်ပွဲဝင်အသင်းများ၏ အပြီးသတ်လူစာရင်းပင်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများသည် အပြီးသတ် ၂၃ဦးလူစာရင်းကို ထုတ်ပြန်ကြေညာရမည်ဖြစ်ရာ ယခုရက်ပိုင်းအတွင်း၌ သိရှိရတော့မည်ဖြစ်သည်။ အထူးသဖြင့် နာမည်ကြီးအသင်းများဖြစ်ကြသော အင်္ဂလန်၊ ဟော်လန်၊ ပြင်သစ်၊ အီတလီ၊ ပေါ်တူဂီနှင့် စပိန်အသင်းများ၌ မိမိတို့ ထင်မှတ်ထားသူများ ပါမပါ ရင်ခုန်စွာ စောင့်စားနားစွင့်လျက် ရှိကြသည်။

ချစ်ကြည်ရေးခြေစမ်းပွဲများ ဇွန် ၆ရက်၌ အပြီးသတ်မည်ဖြစ်ရာ နည်းပြဆရာများအနေဖြင့် ကစားသမားများ၏ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေနှင့် ခြေစမ်းပွဲရလဒ်များကို တွက်ဆကာ လူစာရင်းဖြတ်ရန်လက်နှေးနေကြသည်။ မည်သို့ပင်ဖြစ်စေ ဇွန် ၃ ရက်နောက်ပိုင်းတွင် အပြီးသတ် ၂၃ ဦး လူစာရင်းများပေါ်ထွက်လာတော့မည်ဖြစ်သည်။

ယူရို၂၀၀၄ဘောလုံးပွဲအကြို ခြေစမ်းပွဲတွင် အင်္ဂလန်တိုက်စစ်မှူး ဝိန်းရူနီနှင့် ဂျပန်မှယူဂျီနာကာ ဆာဝါတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်မှုကိုဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

လတ်ဗီးယားအသင်း

ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ကာ ပထမဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော လတ်ဗီးယားအသင်း၏နည်းပြဆရာ အလက်ဆန်းဒါးစတာကော့ဗ်က လတ်ဗီးယားအသင်း၏ အပြီးသတ်လူစာရင်းကို ထုတ်ပြန် ကြေညာလိုက်ပြီဖြစ်သည်။

လတ်ဗီးယားအသင်းတွင် **(ဂိုး)** အလက်ဇန်းဒါးကိုလင်ကို၊ အင်ဒရေ ပီဒဲလ်၊ အင်ဒရေပက်လော့၊ **(နောက်တန်း)**အိုင်ဂါစတီပါနော့ဗ်၊ အလက်ဇန်းဒါးအိုင်ဆာကော့၊ မီဟေးလ်ဇမ်လန်းစကီး၊ ဘလာဂိုနာဒက်စဒင်၊ ဇာဂရက်စကီး၊ မဲရစ်စမာလော့၊ အိုင်ဂါကူရာဘလက်၊ဇင်တာဇာနစ်၊ **(အလယ်တန်း)** ဗလင်လိုဆန်နက်မ်၊ အန်းဒရက်ရူဘင်၊ မီတာလီအက်စတာဖက်၊ အင်းမန့်ဘလေဒီလစ်၊ ဂျူရီလိုင်ဇန်၊ ဂျူဂစ်ပူစင်ကစ်၊ အန်းဒရက်တိုဆာ၊ **(ရှေ့တန်း)** မာရစ်ဗာပါကော့စကီး၊ အန်းဒရက်စ်ပရိုယိုရင်ကော့ဗ်၊ မာရီယန်ဖာဟာ၊ မီဟေးလ်မီဟိုလပ်၊ ဗစ်ရင်မကူတို့ ပါဝင်ကြသည်။

လတ်ဗီးယားအသင်းသည် အုပ်စု(ဃ)၌ပါဝင်ပြီး ဇွန် ၁၅ ရက်တွင် ချက်အသင်းနှင့် လည်းကောင်း၊ ဇွန် ၁၉ရက်တွင် ဂျာမနီနှင့်လည်းကောင်း၊ ဇွန်၂၃ရက်တွင် ဟော်လန်နှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မြန်မာစံတော်ချိန်

ယူရို ၂၀၀၄ပွဲစဉ်များကို ဇွန် ၁၂ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇွန် ၂၃ ရက်တွင်ပြီးဆုံးမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် အုပ်စုတစ်စုချင်းအလိုက် ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များ၏ပထမပွဲစဉ်ကို မြန်မာစံတော်ချိန်ည ၁၀ နာရီခွဲ၌လည်းကောင်း၊ ဒုတိယပွဲစဉ်ကို မြန်မာစံတော်ချိန် နံနက်၁နာရီ၁၅မိနစ်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကွာတားဖိုင်နယ် ပွဲစဉ်များကို တစ်နေ့လျှင် တစ်ပွဲနှုန်း ကျင်းပမည်ဖြစ်ရာ မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များ ဇွန် ၂၇ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များကို ဇွန်၃၀ရက်နှင့် ဇူလိုင် ၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ မြန်မာစံတော်ချိန်နံနက် ၁နာရီ ၁၅မိနစ်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၄ ရက်၌ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် နံနက် ၁ နာရီ၁၅ မိနစ်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့အဆင့်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FI FA)က ထုတ်ပြန်ကြေညာထားသော ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ ယူရို ၂၀၀၄ ပြိုင်ပွဲဝင် ၁၆ သင်း၏ကမ္ဘာ့ အဆင့်များမှာ အင်္ဂလန်က အဆင့် (၁၂)၊ ပေါ်တူဂီက အဆင့်(၂၀)၊ စပိန်က အဆင့်(၃)၊ ဒိန်းမတ်က အဆင့် (၁၄)၊ ပြင်သစ်က အဆင့်(၂)၊ ဟော်လန်က အဆင့်(၄)၊ အီတလီက အဆင့်(၁၁)၊ ဆွစ်ဇာလန်က အဆင့်(၄၇)၊ ခရိုအေးရှားက အဆင့်(၂၅)၊ ဂရိက အဆင့် (၃၄)၊ ဘူဂေးရီးယားက အဆင့် (၃၈)၊ ချက်ကအဆင့်(၁၀)၊ ရုရှားက အဆင့် (၃၀)၊ လတ်ဗီးယားက အဆင့် (၅၂)၊ ဂျာမနီက အဆင့်(၉)၊ ဆွီဒင်က အဆင့်(၂၁)တို့ ဖြစ်ကြသည်။

ဟော်လန်အလယ်တန်းလူ

အုပ်စု(ဃ)၌ ပါဝင်လျက်ရှိသော ဟော်လန်အသင်းမှအလယ်တန်းလူဗန်ဘောမဲလ်သည် ထိခိုက်ဒဏ်ရာရရှိသွားသောကြောင့် ယူရို ၂၀၀၄ ပွဲနှင့် လွဲရဖွယ်ရှိသည်။

ပီအက်စ်ဗီအိန်းဟိုဗင် အသင်းမှ အသက်(၂၇)နှစ်အရွယ်ရှိ ဗန်ဘောမဲလ်၏ ထိခိုက်ဒဏ်ရာသည် ပြိုင်ပွဲအမီ ပျောက်ကင်းနိုင်ဖွယ်မရှိသဖြင့် ၎င်း၏နေရာတွင်အစားထိုးရန်မန်ချက်စတာစီးတီးအသင်းမှ အလယ်တန်းလူ ဘော့စဗဲ့လ်အား ခေါ်ယူမည် ဖြစ်ကြောင်း နည်းပြဆရာ ဒစ်အက်ဒ်ဗိုကတ်က ပြောကြားသည်။

ယခုအခါ ပြိုင်ပွဲနီးမှ ထိခိုက်ဒဏ်ရာ ရရှိကြသူများမှာ ဗန်ဘောမဲလ်အပါအဝင် လေးဦးရှိသွားပြီဖြစ်သည်။ ဂူလီ(ပြင်သစ်)၊ မာကိုစထရီလာ(ဆွစ်ဇာလန်) နှင့် ပေါလ်ဖာရိုင်ရာ(ဂျာမနီ)တို့သည်လည်း ပြိုင်ပွဲနီးမှ ရသည့် ထိခိုက်ဒဏ်ရာများကြောင့် ယူရို၂၀၀၄ပြိုင်ပွဲ၌ပါဝင်ကစားရမည့် အခွင့်အရေးကို လက်လွတ် ဆုံးရှုံးခဲ့ကြရပြီဖြစ်သည်။

ခြေစမ်းပွဲစဉ်

ဇွန် ၂ ရက်က အင်္ဂလန်၌ယှဉ်ပြိုင်ကစားသော အင်္ဂလန်အသင်းနှင့် ဂျပန်အသင်းတို့၏ ခြေစမ်းပွဲစဉ်တွင် တစ်ဂိုးစီ သရေပွဲ ဖြစ်သွားသည်။ အင်္ဂလန်အသင်းအတွက် ပွဲစပြီး ၂၂ မိနစ်အကြာတွင် မိုက်ကယ်အိုဝင်က ဦးဆောင်ဂိုးသွင်းယူပြီး ဂျပန်အသင်းအတွက် ပွဲချိန် ၅၂ မိနစ်တွင် ရှင်ဂျီအိုနိုက ချေပဂိုး သွင်းယူသည်။

ဇွန် ၂ရက်က ဆွစ်ဇာလန်၌ ယှဉ်ပြိုင်ကစားသော ပွဲစဉ်တွင် ဟော်လန်အသင်းက ဖာရိုးကျွန်းစုအသင်းကို သုံးဂိုး–ဂိုး မရှိဖြင့် အနိုင်ရရှိသွားသည်။ ဟော်လန်အသင်းအတွက် ဗန်ဒါဗဲ့၊ ရွိုင်းမက်ကေးနှင့် မက်အိုဗာမားစ်တို့က တစ်ဂိုးစီသွင်းယူပေးသည်။ **(မြန်မာ့အလင်း)**

ယူရို ၂၀၀၄ဘောလုံးပြိုင်ပွဲအကြို အင်္ဂလန်နှင့် ဂျပန်ခြေစမ်းပွဲတွင် အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ဂျပန်နောက်တန်းလူများကို ကျော်ဖြတ်၍ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)



အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)နှစ်ထပ်စာသင်ဆောင်သစ်ဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇွန် ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) နှစ်ထပ်စာသင်ဆောင်သစ်ဖွင့်ပွဲနှင့် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် အားကစားလေ့ကျင့်ရေးနှင့် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းများဖွင့်ပွဲကို မေ ၃၁ ရက် နံနက် ၈ နာရီတွင် ယင်းသိပ္ပံ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အားကစားနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**ဆက်လက်၍ ဝန်ကြီးက စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းစာသင်ဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၄၀ရှိ သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် ၅၉၅ သိန်းအကုန်အကျခံ ဆောက်လုပ်ထား၍ မြေညီထပ်၌ စာသင်ခန်းများ၊ သိပ္ပံလက်တွေ့ခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက် တို့ပါရှိပြီး ပထမထပ်တွင် ကျောင်းအုပ်ကြီးရုံးခန်း၊ ဆရာ ဆရာမများ နားနေခန်းနှင့် သင်တန်းသား အိပ်ဆောင်အဖြစ်အသုံးပြုနိုင်မည့် အခန်းများ ပါဝင်သည်။

ယင်းနောက် အခမ်းအနားကို စာသင်ဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူးက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေသို့ ငွေကျပ်သိန်း ၅၀ကိုပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲဆက် ဘဏ္ဍာ/အခွန်အသင်းအကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ကာကွယ်ရေးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အကောင်းဆုံးဆု

ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ဘဏ္ဍာ/အခွန်အသင်းမှ စိုးမြတ်မင်းက ရရှိသည်။ ဘဏ္ဍာ/အခွန်အသင်းသည် အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်ရာ ဇွန်၁၀ရက်တွင် လယ်/ဆည်အသင်းနှင့် ပို့ဆောင်ရေးအသင်းပွဲစဉ်မှ အနိုင်ရရှိသူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဇွန် ၃ရက်(ယနေ့)ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စွမ်းအင်အသင်းနှင့် တပ်မတော် (ကြည်း) အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း လက်ဝှေ့ပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၂

၂၀၀၄ ခုနှစ် ဒုတိယအကြိမ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က) အဆင့်နှင့် ပြည်နယ်နှင့်တိုင်း သက်ငယ်တန်း (ဂ) အဆင့်၊ (ခ)အဆင့် တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီက အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ဆက်လက်ကျင်းပရာ အလဲထိုးဒိုင်ပွဲရပ်များ အပါအဝင် ပွဲပေါင်း၄၂ပွဲ ယှဉ်ပြိုင်ထိုးသတ်ပြီးဖြစ်သည်။ ပြိုင်ပွဲများကို နေ့စဉ်ညနေ၃ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွန် ၁၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

Soft Guide ၏ ဌာနခွဲဖြစ်သော မြင်းမိုရ်ဟိန်းကွန်ပျူတာ သင်တန်းမှ Kids Course သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ၁၁လမ်းရှိ အဆိုပါသင်တန်းခန်းမ၌ ကျင်းပရာ မြင်းမိုရ်ဟိန်းကွန်ပျူတာ သင်တန်း အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာဒေါ်ကြည်ကြည်ဝေက အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)

ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ တပ်ကုန်းမြို့၌ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မေ ၃၁ရက်တွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးမြင့်ဦးလိုက်ပါလျက် တပ်ကုန်းမြို့နယ်သို့သွားရောက်ပြီး မြို့အဝင်ဆိုင်းဘုတ် ပြုပြင်ထားရှိမှု၊ တပ်ကုန်းမြို့မဈေးကြီး တည်ဆောက်ပြီးစီးမှုနှင့် လမ်းလယ်ကျွန်းတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာကေတမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် မေ ၂၅ရက်က ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲနှင့် ဝန်ထမ်းဆန်ထောက်ပံ့မှု အခမ်းအနားကျင်းပရာ မြို့နယ်ဦးစီးမှူးဦးသန်းစိန်က ဝတ်စုံများပေးအပ်စဉ်။(၃၀၂)

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်တရားမရုံး၌ ၂၀၀၄ခုနှစ် တရားမအသေးအဖွဲ့မှု အမှတ်(၁၉)
ကွယ်လွန်သူ ဒေါက်တာဒေါ်လှကြည်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဒေါက်တာယဉ်ယဉ်ထွန်း ၁၂/အလန(နိုင်)၀၃၂၈၂၉ လျှောက်သူ။

မ-၃၉၊ ဗဟိုလမ်း(မင်းရဲကျော်စွာလမ်း)၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်နေ ဒေါက်တာယဉ်ယဉ်ထွန်းက ကွယ်လွန်သူ ဒေါက်တာဒေါ်လှကြည်၏ သမီးဖြစ်သည်ဟူ၍ မ-၃၉၊ ဗဟိုလမ်း(မင်းရဲကျော်စွာလမ်း)၊ စောရန်ပိုင် အရှေ့ရပ်ကွက်၊ အလုံမြို့နယ်နေ ၎င်းကွယ်လွန်သူ ဒေါက်တာဒေါ်လှကြည်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြေညာသည်မှာ ၎င်းကွယ်လွန်သူ ဒေါက်တာဒေါ်လှကြည်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသောလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက် (၁၃၆၆ခုနှစ် ပထမဝါဆို လဆန်း ၁၄ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဒေါက်တာယဉ်ယဉ်ထွန်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဇွန်လ ၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ထွန်းဝေ(တ/၁၆၇၂)
ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

မြန်မာ့ရုပ်မြင်သံကြား

၃-၆-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇း၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၃၀ ၇။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာအစားအစာ(ရှမ်း)
၁၇း၄၀ ၈။ တေးဂီတအစီအစဉ်
၁၇း၅၅ ၉။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ"** (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)
၁၈း၀၀ ၁၀။ သက်တံရောင်သံစဉ်
၁၈း၁၅ ၁၁။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၂၇)
၁၉း၃၀ ၁၅။ ဖွံ့ဖြိုးမှုဝေ မနောမြေ (အပိုင်း-၁)
၁၉း၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"မိုးလေးတဖွဲဖွဲ"**(အပိုင်း-၁) (လူမင်း၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ဟိန်းစိုး)



အမည်ပြောင်းခြင်း

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်မြို့နယ် ဆင့်မတန်း(စ) တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ဝင်းလှိုင်၏သား မောင်သက်ဇော်ဦးအား ယနေ့မှစ၍ မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းထက်ဇော်။**





ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းတပ်–မတူပီလမ်းပိုင်း တိုးချဲ့မှုလုပ်ငန်းများကြည့်ရှု ချင်းပြန်ဘေလီတံတားနှင့် လယ်မြို့တံတားများကြံ့ခိုင်မှုအခြေအနေစစ်ဆေး

ရန်ကုန် ဇွန် ၂

ချင်းပြည်နယ် မင်းတပ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မေ၂၆ရက် မွန်းလွဲပိုင်းက မင်းတပ်–မတူပီလမ်းပိုင်း မိုင်တိုင် ၅၆/၀ မှ မိုင်တိုင်၁၀၂/၀ အထိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက လမ်းတိုးချဲ့မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးတင်လှ၊ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးကြီးဆန်းအောင်နှင့်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မင်းတပ်မြို့မှ စတင်၍ မင်းတပ်–မတူပီ လမ်းဖောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ မွန်းလွဲ၂နာရီတွင် မင်းတပ်–မတူပီကားလမ်း ၅၆မိုင်စခန်းသို့ ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ ရန်ကုန်–မန္တလေး အမြန်လမ်းဖောက်လုပ်ရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာဦးလေးနိုင်က မိုင်တိုင်၂၀/၀မှ ၇၀/၀အထိ ဆောင်ရွက်လျက်ရှိသော လမ်းပိုင်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင်၅၉/၆ နှင့် ၅၉/၇ အကြား၌ လမ်းသားပြေပြစ်ချောမွေ့စေရေးအတွက် ကျောက်ကမ်းပါးယံ ခွဲထုတ်ဆောင်ရွက်နေမှုကို လည်းကောင်း၊မိုင်တိုင် ၆၁/၅၌ မြေကော်စက်များဖြင့် ပေ၃၀အကျယ် မြေသားလမ်းပြည့်မီရန် ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာ၍ မိုင်တိုင် ၆၂/၇နှင့် ၆၃/၀ အကြား၌ မြေညှိစက် (Grader) ဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး မင်းတပ်–မတူပီ လမ်းတိုးချဲ့ဖောက်လုပ်ရေး စီမံကိန်းလမ်းအထူးအဖွဲ့(၁၂)က တာဝန်ယူဖောက်လုပ်လျက်ရှိသော လမ်းပိုင်းသို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူးဦးကျော်ဝေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် လမ်းအထူးအဖွဲ့(၁၂)ကတာဝန်ယူဖောက်လုပ်လျက်ရှိသော လမ်းအပိုင်းကိုကြည့်ရှုစစ်ဆေးပြီး ထွက်ခွာလာရာ မင်းတပ်မြို့နယ် ဝေလောင်းကျေးရွာအုပ်စုလေရှိကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင် ၇၀/၁မှ ၇၂/၁ အကြား တောင်ပေါ်လမ်းခြောက်ထပ်ကွေ့ တိုးချဲ့ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာလမ်းတာဝန်ခံ ဦးကျော်ဝေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့အား လမ်းအထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူးဦးကျော်ဝေက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းပိုင်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် လမ်းပိုင်း၌ မြေသားပြိုကျမှုမှ ကာကွယ်နိုင်ရန်ကျောက်သားနံရံ တည်ဆောက်ထားရှိမှုကို ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မင်းတပ်–မတူပီကားလမ်းမိုင်တိုင် ၇၆/၀ မှ ၇၆/၂ အကြား၌ နယ်မြေခံတပ်ရင်းမှတပ်မတော်သားများက လမ်းဘေးရေမြောင်းတူးဖော်ခြင်း၊ လမ်းပုခုံးဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင် ၈၃/၅ သို့ ရောက်ရှိကြပြီး တောင်နံရံကွေ့ကို ဖြတ်ထုတ်၍ သတ်မှတ်မြေသားလမ်းအကျယ်ရရှိရေး ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ ညနေ၅နာရီ၄၅မိနစ်တွင် မတူပီမြို့နယ် ရမ်းတိန်းအုပ်စု ၈၄ မိုင်စခန်းသို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင် ၈၄/၂၌ မြေတင်စက်၊ မြေတူးစက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင် ၈၆/၀၌ မြေကော်စက်တို့ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၆)က တာဝန်ယူဆောင်ရွက်လျက်ရှိသော မင်းတပ်–မတူပီကားလမ်း တိုးချဲ့ဖောက်လုပ်ရေးအပိုင်းသို့ ရောက်ရှိကြရာ လက်ထောက်အင်ဂျင်နီယာဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လမ်းလုပ်ငန်းဆောင်ရွက်နေမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင် ၈၈/၀ မှ ၈၉/၀ အကြား၌ လမ်းအထူးအဖွဲ့(၁၆)က မြေညှိစက်၊ လမ်းကြိတ်စက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မိုင်းတိုင် ၈၉/၉ ချင်းပြန်ရွာအနီး၌ မြေကော်စက်၊ မြေတူးစက်များဖြင့် လမ်းများချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ချင်းပြန်ဘေလီတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာခဲ့ရာ မင်းတပ်–မတူပီလမ်းပေါ်ရှိ အရှည်ပေ ၇၀ ရှိ ချင်းပြန်ဘေလီတံတားသို့ ရောက်ရှိကြပြီး တံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြရေး မှာကြားသည်။

လယ်မြို့တံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဆက်လက် ထွက်ခွာခဲ့ကြရာ မိုင်တိုင် ၉၇/၀ ရှိ လယ်မြို့ မြစ်ကူးလယ်မြို့တံတားသို့ ရောက်ရှိကြပြီး တံတားကြီးကြံ့ခိုင်မှုအခြေအနေနှင့် လယ်မြို့ မြစ်ရေစီးရေလာ အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မင်းတပ်–မတူပီ ကားလမ်းပေါ်၌ အရေးပါသော တံတားတစ်စင်းဖြစ်သဖြင့် အထူးဂရုပြု ထိန်းသိမ်းစောင့်ရှောက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည်လယ်မြို့ မြစ်တံတားမှ မတူပီမြို့အထိ လမ်းပိုင်းတိုးချဲ့ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းအထူးအဖွဲ့(၁၆)က တာဝန်ယူဆောင်ရွက်ခဲ့ရသော မိုင်တိုင် ၈၈/၀မှ ၁၀၂/၀ အပိုင်း၌ လမ်းတာချဲ့ခြင်း ၈ မိုင်၊ ကျောက်လမ်း ခင်းခြင်း ၃ မိုင် ၂ဖာလုံ၊ ဖြုန်းကျောက်ခင်းခြင်း ၂မိုင် ၃ဖာလုံနှင့် လမ်းဘေးရေမြောင်းတူးဖော်ခြင်း ၄မိုင် ဆောင်ရွက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့် ပတ်သက်သော ရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါ အကြောင်းများကြောင့် ရောက်ရှိပါသည်။

(က) မသန့်ရှင်းသည့်လက်၊ အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့်အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာများနှင့် နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်–

- **ရေကိုကျိုချက်၍ သောက်ပါ။**
- **ယင်နားစာများမစားပါနှင့်။**
- **ယင်လုံအိမ်သာအသုံးပြုပါ။**
- **အစာမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့်စင်ကြယ်စွာဆေးကြောပါ။**
- **တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။**
- **အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်ပါ။**

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန။**

ရွှေပြည်သာမြို့နယ် ဇီးကုန်းစံပြကျေးရွာ နေထိုင်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မေ ၂၉ ရက်က ကျေးရွာရုံးခန်းမ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးစောရှိန်က ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူး ဦးမောင်စန်းသို့နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နေစဉ်။ (ဝ၄၆)

ထောက်ပံ့ငွေပေး

မေ ၃၀ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်မင်းက စခန်းမှူး ရဲအုပ်စံလင်းသို့ ထောက်ပံ့ငွေ ပေးအပ်စဉ်။ (က–ပ)

စီမံကိန်းလျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေး တာဝန်ပေးအပ်ပွဲ ဆီဆိုင်မြို့နယ်တွင်ကျင်းပ

ဆီဆိုင် မေ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၇ရက်က ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စည်းဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးက ဆီဆိုင်မြို့နယ်တွင် ၂၀၀၄-၂၀၀၅ခုနှစ်၌ စိုက်ပျိုးထုတ်လုပ်ကြရမည့် လယ်၊ ယာ၊ ဥယျာဉ်သီးနှံ စီမံကိန်းလျာထားချက်များ ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်စိုက်ပျိုး ထုတ်လုပ်သွားနိုင်ရေးအတွက် ယခုနှစ်တွင် တောင်သူတစ်ဦးလျှင် တစ်ဧကနှုန်း စပါးတိုးချဲ့စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ စီမံကိန်းတစ်ခုအောင်မြင်မှု ရရှိရေးအတွက် အစအလယ်အဆုံး ပြည့်စုံကောင်းမွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်တို့ကို ပြောကြားသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းများ အောင်မြင်မှုရှိစေရန်အတွက် နယ်မြေအုပ်စုအလိုက် စိုက်ပျိုးထုတ်လုပ်ကြီးကြပ်မှုကော်မတီများနှင့် မြို့နယ်မွေးမြူရေးလုပ်ငန်းကော်မတီအသီးသီးအားဖွဲ့စည်းတာဝန်များပေးအပ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** **(ဝ၄၈)**

မေ ၈ရက်က ပုသိမ်ခရိုင် ငပုတောမြို့နယ် ချောင်းအုပ်စု ငရုတ်ကောင်းတောင်ကျေးရွာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး နေမင်းရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲကို ကျေးရွာမူလတန်းကျောင်း သီမာဆောင်တွင်ကျင်းပရာ ဗိုလ်မှူးအောင်မျိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မာလာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

တစ်ချက်တည်းကျင်းဝင်

မိတ္ထီလာ မေ ၁၅

မိတ္ထီလာ ဂေါက်ကွင်းတွင် ဦးစိုးမြင့်သည် မေ၁၀ ရက်နေ့ညနေ ၅ နာရီက ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၇)-၁၅၈ ကိုက်အကွာမှ 1 ALTUS EV ဘောလုံးကို Tommy Mann SUPER JV 325 Iron (5) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးသိန်းထွန်း၊ ဦးအေးကို၊ ဦးအောင်မှူး၊ ဦးမြင့်သိန်းတို့နှင့်အတူ ကစားကြကြောင်း သိရသည်။ **(၄၁၄)**

မေ ၂၁ ရက်က ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာ ကျေးရွာတွင်း လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂(မြို့ပြ) ဦးသန်းလွင်ဦးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ဓာတ်တိုင်များစိုက်ထူ

ကျောက်ပန်းတောင်း မေ ၂၈

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် လယ်ယာ(တောင်)ကျေးရွာအုပ်စု တောင်မြေကျေးရွာအနီး အရာတော်တောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ရှင်အရဟံ ခြေတော်ရာ(ပါဒ)မြတ် တည်ရှိရာနေရာ၌ လျှပ်စစ်ဓာတ်တိုင်အချို့သည် မေ ၁၈ ရက် ညပိုင်းက လေပြင်းဒဏ်သင့်၍ ပျက်စီးသွားခဲ့သည်။

ယင်းကဲ့သို့ ပျက်စီးသွားသောဓာတ်တိုင်များကို တောင်မြေကျေးရွာဦးဆုတောင်းပြည့်ကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ၏ သြဝါဒကိုခံယူ၍ ရှင်အရဟံဘက်စုံဖွံ့ဖြိုးမွမ်းမံပြုပြင်တည်ဆောက်ရေးကော်မတီ နာယကဆရာတော် ဘဒ္ဒန္တကုမာရ ဦးစီး၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့နယ် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး မေ ၂၃ရက်တွင် ကိုယ့်အားကိုယ်ကိုးဖြင့် တစ်မိုင်၊ နှစ်ဖာလုံခန့် အကွာအဝေးရှိသော ဓာတ်ကြိုး၊ ဓာတ်တိုင်များကို အသစ် လဲလှယ်စိုက်ထူကြရာ ယခုအခါ လျှပ်စစ်ဓာတ်အားပုံမှန်အတိုင်း ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။ **(က-ပ)**

မေ ၂၂ရက်က သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအုပ်စု ရပ်ကွက်ရုံးတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်မောင်သို့ စိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (က-ပ)

မိုးစပါးစိုက်ပျိုးရေး ပေါင်မြို့၌ တာဝန်ပေး

ပေါင် မေ ၂၃

ပေါင်မြို့နယ်၂၀၀၄/၂၀၀၅ ခုနှစ် မိုးစပါးစီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၁၉ ရက်က ပေါင်မြို့ မြို့နယ်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည်။ အခမ်းအနားတွင် ပေါင်မြို့နယ်ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးနိုင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်မြင့်က မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ပြည့်မီရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ စု ကိုယ်စား နယ်မြေ လေးခုမှ ရပ်ကွက်ဥက္ကဋ္ဌများ ကို ပေါင်မြို့နယ်အတွင်းရေးမှူး ဦးနိုင်ဝင်းက ၂၀၀၄/၂၀၀၅ခုနှစ်မိုးစပါး စိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်း တာဝန် ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၂၆၈)**

ကွန်ပျူတာဖြင့် ရုံးလုပ်ငန်းဆောင်ရွက်မှုသရုပ်ပြ

မြစ်ကြီးနား မေ ၂၅

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကွန်ပျူတာဖြင့် ရုံးလုပ်ငန်း ဆောင်ရွက်မှုစနစ် သရုပ်ပြပွဲကို မေ ၁၉ ရက်က အဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံ အင်ဂျင်နီယာများက ရှင်းလင်းပြသသည်။ ပြပွဲ၌ ပြင်ပနည်းပြများက ဒီဂျစ်တယ်ကင်မရာ (Digital Camera)၊ ကွန်ပျူတာတို့ဖြင့် သတင်းထုတ်ပြန်နိုင်ရေးစနစ်၊ (Floppy) ဖြင့် ပြန်တမ်းများ ပေးပို့ရေးစနစ်၊ ကွန်ပျူတာဖြင့် ရုံးလုပ်ငန်းဆောင်ရွက်မှုစနစ်တို့ကို ရှင်းလင်းသရုပ်ပြရာ ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** နောင်တွင် ကွန်ပျူတာဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်မှုစနစ် အသုံးပြုသွားနိုင်ရေး ကြိုတင်လေ့လာဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ့ကြက်ခြေနီနေ့ မိုးကောင်း၌ ကျင်းပ

မိုးကောင်း မေ ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူး၍ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၈ရက်က ဆားမော်ကျေးရွာအုပ်စု ကညင်မြိုင်ကျေးရွာ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဦးခင်မောင်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးအောင်ဝင်းတို့က အမှာစကား ပြောကြားပြီး အဖွဲ့ငယ်အလိုက်နှင့် တစ်ဦးချင်းအလိုက် သူနာပြုစွမ်းရည်နှင့် အခြေခံစစ်ရေးပြပြိုင်ပွဲများ၌ ဆုရရှိသည့် အဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ကြသည်။ **(၄၁၆)**

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဟင်္သာတမြို့ စက်သုံးဆီ အရောင်းဆိုင် (အမှတ်-၀၁၇၂)နှင့် ဟင်္သာတမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဧပြီ ၂၃ ရက်က ကျင်းပရာ ဆိုင်မန်နေဂျာ ဦးတိုက်စိုးနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန အမှတ်(၂) စခန်းခွဲမှ တပ်စုမှူး ဦးမြင့်ဦးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုနည်းကို သရုပ်ပြစဉ်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ငွေပေးအပ်

ကော့ကရိတ် မေ ၃၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကော့ကရိတ်မြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ ရက်က ကော့ကရိတ်မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ မြို့နယ်စစ်မှုထမ်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းရီ(ငြိမ်း)၊ဒုတိယဥက္ကဋ္ဌအရာခံဗိုလ် အမ်နော်ဂျာ(ငြိမ်း)နှင့် အတွင်းရေးမှူးဒုအရာခံဗိုလ် ဦးထွန်းတို့က ကျောင်းသား ကျောင်းသူ ၁၇၉ဦးတို့အား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၄-၆-၂၀၀၄ (သောကြာနေ့) နံနက်ပိုင်း

၀၇:၀၀ တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ခေတ်မီပုံနှိပ်စက်များဖြင့် ဆန်းသစ်သော ဗလာစာအုပ်နှင့် မှတ်စုစာအုပ်အမျိုးမျိုး ထုတ်လုပ်မှုအကြောင်း)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု လူမှုဘဝ ချမ်းသာရ)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ကမ္ဘည်းမထိုးသောအလှူ)
၁၃:၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဓာတ်လမ်း(မိုးနှင့်အတူ)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ရိုးသားဖြူစင်လှစေချင် (ခေါင်းကြီး)
(၂)ချစ်သူခေါ်ရာ(ဆောင်းပါး)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံစက်မှုနှင့်နည်းပညာတိုးတက်မှု မှတ်တိုင်များ-မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (ဥက္ကလာတေး-ကာလပေါ်အဖွဲ့)



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့ ဦးဝင်းအောင်–ဒေါ်စန်းရင်တို့၏သား တေဇာအောင် ၉/ခမစ (နိုင်)၀၀၆၃၇၂သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့်နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။ **ဦးဝင်းအောင်–ဒေါ်စန်းရင်။**

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏ သမီးဖြစ်သူ မစန်းစန်းညွန့် ၁၂/သဃက(နိုင်)၀၂၆၉၆၁ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စ အဝဝကို လုံးဝတာဝန်မယူပါ (စုံစမ်း မေးမြန်းခြင်းသည်းခံပါ။)

ဒေါ်မြင့် ၁၂/သဃတ(နိုင်)၀၂၅၀၉၁

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် မောင်ခင်ဇော်ဝင်း၏ဇနီး မနီလာမြင့် ၁၂/ဗတထ(နိုင်) ၀၀၁၄၉၁ သည် မိမိသဘောဆန္ဒအလျောက် ကျွန်တော်၏နေအိမ်မှ ထွက်ခွာသွားပြီး ယနေ့ထိပြန်လည်ရောက်ရှိခြင်းမရှိပါသဖြင့် ကျွန်တော်၏ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကို ကျွန်တော်နှင့်မသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်ခင်ဇော်ဝင်း
၁၂/မဂတ(နိုင်) ၀၄၃၃၂၇
အမှတ်–၂၃၊ ဒေါ်သိန်းတင်လမ်း၊ ကန်ရှေ့ရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကျင်ငြိမ်း

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဦးစန်းဝင်း၏ မိခင်ကွယ်လွန်သည့်အတွက် မိသားစုနှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ထမ်းများက ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ကြီးရုံး
ယဉ်ကျေးမှုဝန်ကြီးဌာန။

ဧစ္စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ အမှတ် ၁၄၊ဗိုလ်သူရလမ်း၊အိုးဘိုရပ်ကွက်ကြည့်မြင်တိုင်မြို့နယ်နေ ဦးကံညွန့်(လက်ထောက်ညွှန်ကြားရေးမှူး၊ဆည်မြောင်းဦးစီးဌာန၊ပခုက္ကူမြို့)–ဒေါ်ခင်အေးမူ(ကထိက၊ရူပဗေဒဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်) တို့၏သားကြီး

မောင်ကျော်ဇင်ဦး B.E (Civil) နှင့်

ပဲခူးတိုင်း နတ်တလင်းမြို့နယ် တာပွန်အလယ်ပိုင်းရပ်နေ ဦးမောင်ခ–ဒေါ်ကြည်တို့၏မြေး၊ ဦးဟန်ညွန့်–ဒေါ်ခင်မာလာတို့၏သမီးကြီး

မနေခြည်လင်း B.E (Civil)

တို့သည် ၂၅–၅–၂၀၀၄ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇင်ဦး–မနေခြည်လင်း

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရန်ကြော်ငြာခြင်း

၁။ ဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ဆားလုပ်ငန်းဥပဒေအရ ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် ဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်ခွင့် လိုင်စင်များကို ၂၀၀၄ခုနှစ် ဇူလိုင်လ ၁ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း သက်ဆိုင်ရာရုံးခွဲများသို့ တင်ပြတောင်းခံကြရန် လိုအပ်ကြောင်း နှိုးဆော်အပ်ပါသည်။

၂။ စာပိုဒ် (၁)ပါ သတ်မှတ်ရက်အတွင်း လိုင်စင်အသစ် တင်ပြတောင်းခံခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း တောင်းခံလာပါက ဒဏ်ကြေး(ရက်လွန်ကြေး) အဖြစ် တစ်ရက်လျှင် (၁၀၀ိ/–) နှုန်းဖြင့်ပေးဆောင်ရမည် ဖြစ်ပါသည်။ ၂၀၀၄ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့နှင့်နောက်ပိုင်း လျှောက်လွှာ တင်ပြလာသူများအား ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားပါမည်။

၃။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင်(၁၀၀၀ိ/–)နှုန်းဖြင့်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းမှ သတ်မှတ်ထားသည့် အောက်ပါရုံးခွဲများနှင့် အချိန်မီဆက်သွယ်ရယူနိုင်ပါသည်–

(က) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းအမှတ်(၉၀)ကံဘဲ့လမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့(ရုံးချုပ်) ဖုန်း–၅၇၇၄၇၀၊ ၅၇၇၄၇၁ — **ရန်ကုန်တိုင်း/ ပဲခူးတိုင်း**

(ခ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊မွန်ပြည်နယ်/တနင်္သာရီ တိုင်းရုံး၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းရပ်ကွက် မော်လမြိုင်မြို့။ ဖုန်း ၀၅၇–၂၄၄၁၂ — **မွန်ပြည်နယ်/ တနင်္သာရီတိုင်း**

(ဂ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ ဧရာဝတီတိုင်းရုံး အမှတ် ၂၈၊ ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂– ၂၄၂၅၀ — **ဧရာဝတီတိုင်း**

(ဃ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊ အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့နယ်၊ ဖုန်း ကျောက်ဖြူ–၁၉ — **ရခိုင်ပြည်နယ်**

(င) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ မြောက်ပိုင်းတိုင်းရုံး ဆားသိုလှောင်ဖြန့်ဖြူးရေးစခန်း၊ အိုးဘိုရပ်၊ စစ်ကိုင်းမြို့။ ဖုန်း–၀၇၂–၂၁၄၆၈ — **(က၊ခ၊ဂ၊ ဃ မှ အပ)**

၄။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၀၄ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာအပိုဒ် (၃)တွင် ဖော်ပြထားသည့် နေရာများသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၅။ အသေးစိတ်သိလိုပါက အပိုဒ်(၃)တွင်ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး။

ဝမ်းနည်းကြေကွဲခြင်း

ဦးဝေဦး (ညွှန်/မှူး–ထွေ/စီ) (M.O.G.E) ဒေါ်စန်းစန်းမြင့်တို့၏ မိခင်ဒေါ်ခင်ဝေ ၃၀–၅–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာနှင့်အရာထမ်း/အမှုထမ်းများ
မန်းရေနံမြေ။

ဝမ်းနည်းကြေကွဲခြင်း

ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ရီထွေးနှင့် ဦးသိန်းကို (ကထိက၊ သတ္တဗေဒဌာန၊ စစ်တွေတက္ကသိုလ်)တို့၏ မိခင် ဒေါ်ကျင်ထွေး (မော်လမြိုင်)သည် ၂၈–၅–၂၀၀၄ရက်တွင် မော်လမြိုင်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ(ဌာနမှူး) ဒေါ်သန်းသန်းဆင့်
နှင့် သတ္တဗေဒမိသားစု
သတ္တဗေဒဌာန
ဒဂုံတက္ကသိုလ်။

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၆(ဂျေ)၊ မြေကွက်အမှတ် ၁၁၃(အေ)/၈–အေ ၊ မြေဧရိယာ ၀ ဒသမ ၁၂၃ဧကရှိ မြေပိုင်မြေအမျိုးအစားနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်း၊ ဗဟန်း မြို့နယ်၊ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၉၉/ဘီ) ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ဖုန်း–၅၅၂၉၃၈အပါအဝင်။

၂။ ရန်ကုန်တိုင်း၊လမ်းမတော်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၂–ဝိုင်–၂၊ မြေကွက်အမှတ် ၁၆၈၊ ဧရိယာ ၀ ဒသမ ၀၂၁ ဧကရှိမြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၄၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ရှစ်ထပ်တိုက်တစ်လုံး။

၃။ အမှတ်၅၉/၆၁ (လေးထပ်/ဝဲ) [အပေါ်ဆုံးထပ်၊ ၅၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော တိုက်ခန်း]

၄။ တိုယိုတာမတ်တူး ၉က/၄၇၄၃

အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများသည် ကျွန်တော် ဦးမြသန်း ရွှေကြီးမင်းရွှေဆိုင်ပိုင်ရှင် (အမှတ် ၅၂၀၊ အခန်း ၂၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း)၏ လုပ်ငန်းမှရရှိသောဝင်ငွေများဖြင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်ပါသည်။

ပစ္စည်းများကိုဝယ်ယူရာတွင် သမီးအငယ်ဆုံးဖြစ်သူ ဒေါက်တာမိုးကေသီ(ခ) ခင်မိုးမိုးခိုင် အမည်ဖြင့် အမည်ငှားစနစ်ကျင့်သုံးကာ ဝယ်ယူထားခြင်းဖြစ်၍ ကျွန်တော်သာလျှင် အမှန်တကယ်ပိုင်ရှင်ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါပစ္စည်းများနှင့်စပ်လျဉ်း၍ တစ်နည်းနည်းလွှဲပြောင်းခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက လွှဲပြောင်းသူနှင့်လက်ခံသူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း (ရွှေကြီးမင်းရွှေဆိုင်)။

အမည်ပြောင်း

ကရင်ပြည်နယ် မြဝတီမြို့ အထကဆဋ္ဌမတန်း(ဃ)မှ အဖဦးလွင်မျိုး(ခ) ဦးသန်း ဇော်၏သား မောင်ဗိုလ်ဗိုလ် ဦးအား မောင်ဗိုလ်ဗိုလ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဗိုလ်ဗိုလ်ကျော်။

ရောင်းမည်

A-7၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ(စက်မှုဖွံ့ဖြိုးရေးဇုန်) ဖုန်း–၅၄၉၅၁၂၊ ၇၂၀၃၄၉၊ ၅၈၄၁၅၅

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၇/ပခန (နိုင်) ၂၃၃၇၀၅ နှင့် အခြား အရေးကြီးစာရွက်စာတမ်းများ ပျောက်သွားပါသည်။ တွေ့ရှိက ကူညီပေးပါရန်။ **တင်အောင်မိုး ဖုန်း–၀၉ ၅၀ ၁၁၆၇၉**

အမည်ပြောင်း

အဖ ဦးသာမြ၏သမီး အထက (၂)စစ်တွေ ဒသမတန်းမှ မဝင်းမြတ်သွယ် ၁၁/စတန (နိုင်) ၀၆၆၈၃၀ အား မမြတ်နိုးဝေဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်နိုးဝေ။**

တိုက်ခန်းအသစ်ရောင်းမည်

စမ်းချောင်း၊ ဟသ်ာတလမ်း၊ အကျယ် ၂၅ ပေ x ပေ ၅၀ မြေညီထပ် Hall (ရေ၊ မီးစုံ) ကားနှင့်လဲနိုင်သည်။ ဈေး၊ ကျောင်းနီး၊ ဖုန်း–၅၃၉၅၂၁

ကားရောင်းရန်

၄ခ/၈ ထောင်ကျော် မစ်ဆူဘီရှိ လက်ရှိပြေးဆွဲနေသည်။ ညှိနှိုင်းဈေး ဖုန်း–၀၉–၅၀–၂၁၇၅၆၊ ၂၅၀၉၆၈

အမည်ပြောင်း

ဦးမျိုးသီဟ၏သား တာမွေအမက (၉) ပထမတန်းမှ မောင်ထက်ပိုင်အား ယနေ့မှစ၍ မောင်ထက်မြတ်ထူးဟု ခေါ်ပါရန်။

မောင်ထက်မြတ်ထူး။

အမည်ပြောင်း

အဖ ဦးမြင့်သန်း၏သမီးဖြစ်သူ မစုစုသော် အမှတ် ၁၂/မဂဒ (နိုင်) ၁၁၇၂၂၈အား မခိုင်ဆုဝေဟုပြောင်းလဲခေါ်ပါရန်။

မခိုင်ဆုဝေ။

ရောင်းမည် (ပွဲစားမလို)
ယုဇနဥယျာဉ်မြို့တော်

၂၄ ပေ x ပေ ၃၀ ၁၄လမ်း၊ (A)ငါးလွှာ၊ သံဆန်ကာ၊ ဘောဇင်၊ ညှိနှိုင်းဈေး၊ ဖုန်း–၅၅၆၇၆၁

အိမ်အရောက်ထမင်းချိုင့်ပို့သည်

ရုံး၊ကုမ္ပဏီ၊ကျောင်း၊အဖွဲ့အစည်းတို့အတွက် အစားအသောက်ကို အထူး စီမံဆောင်ရွက်ပေးပါသည်။ **စုံစမ်းရန် ဖုန်း–**၂၂၀၁၈၃၊၂၈၀၇၃၄၊ ၂၁၁၅၀၈။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/၁၅၀၀ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

ကုန်အမှတ်တံဆိပ်ကြေညာခြင်းနှင့် အထူးသတိပေးတားမြစ်ခြင်း

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၃လမ်း၊ အမှတ် ၁၁နေ ဦးဘိုဘိုနှင့် မတင်ပိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

အထက်အပေါ်ဆုံးပုံ (တံဆိပ်အစစ်)တွင် ဖော်ပြပါကုန်အမှတ်တံဆိပ်သည် ကျွန်ုပ်အမှုသည်များ၏ မူပိုင်ကုန်အမှတ်တံဆိပ်ဖြစ်ပြီး လက်ဖက်နှင့်ပတ်သက်၍ မိုးကုတ်ချဉ်စပ်၊ ကြက်ခြေနီနှပ်၊ ဇယန်းနှပ်နှင့်ပဲရေပွကြော်များကို ဂျပ်ဘူးအမျိုးမျိုး၊ စက္ကူအိတ်အမျိုးမျိုး၊ ပလတ်စတစ်အိတ် အမျိုးမျိုးတွင်ထည့်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လွန်ခဲ့သော ၁၉၈၇ ခုနှစ်မှစ၍ ထုတ်လုပ်ဖြန့်ချိ ရောင်းချလာခဲ့ပါသည်။

ယခုအခါစီးပွားရေးမသမာသူအချို့သည် ဝယ်ယူစားသုံးသူများအား ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားဖြစ်စေရန် အကြံဖြင့် (တံဆိပ်အတု)အား ပုံသဏ္ဌာန်အမှတ်အသားအရောင်အသွေး၊ အရွယ်အချိုးအစားစသည်များ တုပပြုလုပ်ရိုက်နှိပ်ပြီး ကျွန်ုပ်အမှုသည်များနည်းတူ လက်ဖက်၊ အကြော်များ ထုပ်ပိုးရာတွင် အသုံးပြုလျက် ဖြန့်ဖြူးရောင်းချနေကြောင်း စုံစမ်းသိရှိလာရပါသည်။

သို့ပါ၍ ယင်းကုန်အမှတ်တံဆိပ်ပိုင်ဆိုင်သူ၏ အခွင့်အရေးကို တစ်နည်းနည်းထိပါး ကျူးလွန်ခြင်းမပြုကြပါရန်၊ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ကြရန်နှင့် မလိုက်နာပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အထူးသတိပေးကြေညာလိုက်ပါသည်။

